ADB

နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ

---

၂၀၁၇ ခုနှစ် မတ်လ

# မြန်မာနိုင်ငံ၊ ၂၀၁၇-၂၀၂၁ အားလုံးပါဝင်သော တိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်ခြင်း

ဤစာတမ်းအား ဒါရိုက်တာ ဘုတ်အဖွဲ့မှ အတည်မပြုရသေးမီတွင် ဖြန့်ဝေခြင်းအား ကန့်သတ်ထားသည်။ ADB သည် ဤစာတမ်းကို အတည်ပြုပြီးသည့်အခါတွင် ADB ၏ ပြည်သူ့ဆက်ဆံရေးမူဝါဒ ၂၀၁၁ ခုနှစ် နှင့်အညီ အများပြည်သူထံသို့ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

Asian Development Bank

## ငွေလဲလှယ်မှုနှုန်းထားများ

(၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့အရ)

| | | |
|---|---|---|
| ငွေကြေးယူနစ် | = | ကျပ်/များ (မြန်မာကျပ်ငွေ) |
| မြန်မာကျပ်ငွေ ၁.၀၀ | = | အမေရိကန်ဒေါ်လာ ၀.၀၀၀၇၃ |
| အမေရိကန်ဒေါ်လာ ၁.၀၀ | = | မြန်မာကျပ်ငွေ ၁၃၆၅ |

## အတိုကောက်များ

| | | |
|---|---|---|
| ADB | – | အာရှဖွံ့ဖြိုးရေးဘဏ် |
| CPS | – | နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ |
| FY | – | ဘဏ္ဍာရေးနှစ် |
| GDP | – | ပြည်တွင်းအသားတင်ထုတ်လုပ်မှု |
| GMS | – | မဟာမဲခေါင်ဒေသခွဲ |
| SDG | – | ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက် |
| SES | – | အလယ်တန်းနှင့် အထက်တန်း ပညာရေး ကဏ္ဍခွဲ |
| TA | – | နည်းပညာအထောက်အပံ့ |
| TVET | – | နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး |

## မှတ်ချက်များ

(၁) မြန်မာနိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးနှစ် (FY) သည် ဧပြီလ ၁ ရက်နေ့တွင် စတင်ပြီး မတ်လ ၃၁ ရက်နေ့တွင် အဆုံးသတ်သည်။ ပြက္ခဒိန် နှစ်တစ်နှစ်၏ အရှေ့ရှိ "FY" သည် ဘဏ္ဍာရေးနှစ် စတင်သည့်နှစ်ကို ရည်ညွှန်းသည်။ ဥပမာ။ ။ FY၂၀၁၄ သည် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အဆုံးသတ်သည်။

(၂) ဤအစီရင်ခံစာတွင် "$" သည် အမေရိကန်ဒေါ်လာကို ရည်ညွှန်းသည်။

| | |
|---|---|
| ဒုတိယ ဥက္ကဋ္ဌ | S. Groff, Operations 2 |
| ညွှန်ကြားရေးမှူးချုပ် | J. Nugent, Southeast Asia Department (SERD) |
| ညွှန်ကြားရေးမှူး | W. Wicklein, Myanmar Resident Mission (MYRM), SERD |
| | |
| အဖွဲ့ဦးဆောင်သူ | P. Brimble, Principal Country Specialist, MYRM, SERD |
| | Y. Tamura, Principal Country Specialist, MYRM, SERD |
| အဖွဲ့ဝင်များ | S. Aman-Wooster, Principal Social Development Specialist (Safeguards), SERD |
| | C.N. Chong, Advisor (Procurement), SERD |
| | E. Honda, Principal Urban Development Specialist, SERD |
| | H. Kasahara, Senior Financing Partnerships Specialist, MYRM, SERD |
| | L. Levaque, Social Development Specialist (Gender and Development), SERD |
| | T. Myint, Economics Officer, MYRM, SERD |
| | M. Naing, Associate Project Analyst, MYRM, SERD |
| | C. Nguyen, Principal Regional Cooperation Specialist, SERD |
| | D. Nguyen, Financial Sector Economist, SERD |
| | Y. Oo, Programs Officer, MYRM, SERD |
| | P. Ramachandran, Senior Environment Specialist, SERD |
| | A. Roy, Disaster Risk Management Specialist (Climate Change Adaptation), Sustainable Development and Climate Change Department |
| | P. Safran, Principal Operations Coordination Specialist (Fragile Situations), Pacific Department (PARD) |
| | S. Schuster, Principal Financial Sector Specialist, SERD |
| | G. Servais, Senior Health Specialist, SERD |
| | C. Spohr, Principal Social Sector Specialist, MYRM, SERD |
| | S. Thaung, Senior Operations Assistant, MYRM, SERD |
| | E. Thomas, Social Development Specialist (Civil Society & Participation), SERD |

| | |
|---|---|
| | K. Thu, Infrastructure Specialist, MYRM, SERD |
| | L. Thwin, Operations Assistant, MYRM, SERD |
| | A. Veron-Okamoto, Transport Specialist, SERD |
| | D. Wiedmer, Senior Investment Specialist, Private Sector Operations Department |
| | S. Win, Associate Project Analyst, MYRM, SERD |
| | K. Wynn, Safeguards Officer, MYRM, SERD |
| | T. Zaw, External Relations Officer, MYRM, SERD |
| သုံးသပ်သူ ပညာရှင်များ | E. Ginting, Director, Economic Research and Regional Cooperation Department |
| | S. Sampath, Principal Public–Private Partnership Specialist, Office of Public–Private Partnership |
| | Thant Myint-U, Yangon Heritage Trust |

နိုင်ငံအစီအစဉ် သို့မဟုတ် ဗျူဟာများ ပြင်ဆင်ခြင်း၊ စီမံကိန်းများကို ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် ဤစာတမ်းတွင်ပါရှိသည့် သီးခြားပိုင်နယ်မြေ သို့မဟုတ် ပထဝီအနေအထားအရ နယ်မြေပိုင်းခြားဆွဲခြင်း သို့မဟုတ် ကိုးကားခြင်း အားလုံးတွင် အာရှဖွံ့ဖြိုးရေးဘဏ်သည် မည်သည့် ပိုင်နက်နယ်မြေ သို့မဟုတ် နယ်ပယ်ကိုမဆို ဥပဒေဆိုင်ရာ သို့မဟုတ် အခြား အဆင့်အတန်းများအား ဆုံးဖြတ်ချက်ချရန် ရည်ရွယ်ခြင်းမရှိပါ။

**ပြည်သူအများ ဖတ်ရှုရာတွင် လွယ်ကူစေရန်အလို့ငှာ ဤစာတမ်းအား မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါ သည်။ ADB မှဘာသာပြန်ဆိုခြင်းကို တိကျမှုရှိစေရန်အားထုတ်သော်ငြား အင်္ဂလိပ်ဘာသာသည် ADB ၏ရုံးသုံး ဘာသာစကား ဖြစ်ပြီး ဤစာတမ်း၏မူရင်း အင်္ဂလိပ်ဘာသာသည်သာ အစစ်အမှန် (တရားဝင် နှင့် သက်ရောက်မှု ရှိသော) ဖြစ်ပါသည်။ ဖော်ပြထားသော မည့်သည့် ရည်ညွှန်းကိုးကားချက်များကိုမဆို ဤစာတမ်း၏ အင်္ဂလိပ် ဘာသာမူရင်းကိုသာ ဖတ်ရှုရန် ဖြစ်ပါသည်။**

**မာတိကာ**

စာမျက်နှာ

နိုင်ငံအချက်အလက်စာရင်း

| | | | |
|---|---|---|---|
| ၁။ | နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာအကြောင်း အနှစ်ချုပ် | | 1 |
| ၂။ | နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေ | | 3 |
| | က | နောက်ခံသမိုင်း | 3 |
| | ခ | စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ ပြုပြင်မွမ်းမံမှု | 4 |
| | ဂ | ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများ | 5 |
| ၃။ | နိုင်ငံတော်အဆင့် ဗျူဟာဆိုင်ရာ မူဘောင် | | 11 |
| | က | ယခင်ဗျူဟာမှ ရရှိသည့် သင်ခန်းစာများ | 11 |
| | ခ | အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဗျူဟာ | 13 |
| | ဂ | ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ အခန်းကဏ္ဍ | 14 |
| | ဃ | အကြောင်းအရာအလိုက် ADB ၏ ဗျူဟာမြောက် ရည်မှန်းချက်များ နှင့် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးစားပေး လုပ်ငန်းများ | 14 |
| | င | အသိပညာဆိုင်ရာ အထောက်အပံ့များအတွက် ဦးစားပေးလုပ်ငန်းများ | 25 |
| ၄။ | ဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | 25 |
| | က | အရင်းအမြစ်များအတွက် သတ်မှတ်ချက် အညွှန်းကိန်းများ | 25 |
| | ခ | အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဦးစားပေးလုပ်ငန်းများ | 26 |
| | ဂ | အကျိုးရလဒ်များအား စောင့်ကြည့်လေ့လာခြင်း | 27 |
| | ဃ | အဆိုးကြုံနိုင်ခြေများ | 29 |

နောက်ဆက်တွဲများ

| | | |
|---|---|---|
| ၁။ | နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ ရလဒ်များ မူဘောင် | 30 |
| ၂။ | နိုင်ငံဆိုင်ရာ အသိပညာ အစီအစဉ် | 42 |
| ၃။ | ဆက်စပ်စာရွက်စာတမ်းများစာရင်း | 51 |

## နိုင်ငံအချက်အလက်စာရင်း

| စီးပွားရေး[က] | ၂၀၁၂ ခုနှစ် | ၂၀၁၃ ခုနှစ် | ၂၀၁၄ ခုနှစ် | ၂၀၁၅ ခုနှစ် |
|---|---|---|---|---|
| GDP (အမေရိကန်ဒေါ်လာ ဘီလျံပေါင်း၊ လက်ရှိ)[ခ] | ၈၀.၀ | ၆၂.၁ | ၆၆.၃ | ၆၂.၆ |
| တစ်ဦးချင်း GDP (အမေရိကန်ဒေါ်လာ၊ လက်ရှိ) | ၁၅၇၉.၀ | ၁၂၁၄.၀ | ၁၂၇၅.၀ | ၁၁၉၃.၀ |
| GDP ဖွံ့ဖြိုးမှု (ကိန်းသေ တန်ဖိုး သတ်မှတ်ချက်များဖြင့်) | ၇.၃ | ၈.၄ | ၈.၀ | ၇.၃ |
| စိုက်ပျိုးရေး | ၁.၇ | ၃.၆ | ၂.၈ | ၃.၄ |
| စက်မှုလုပ်ငန်းများ | ၈.၀ | ၁၁.၄ | ၁၂.၁ | ၈.၇ |
| ဝန်ဆောင်မှုများ | ၁၂.၀ | ၁၀.၃ | ၉.၁ | ၅၉.၁ |
| စုစုပေါင်း ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု (GDP ၏ %) | ၃၀.၉ | ၃၂.၀ | ၃၂.၁ | ၃၄.၉ |
| စုစုပေါင်း ပြည်တွင်း စုဆောင်းမှု (GDP ၏ %) | ၃၆.၆ | ၃၃.၈ | ၃၂.၆ | ၃၁.၈ |
| ကုန်ဈေးနှုန်း အညွှန်းကိန်း (နှစ်စဉ် ပြောင်းလဲမှု %) | ၁.၅ | ၅.၅ | ၅.၅ | ၁၀.၈ |
| ငွေဖြစ်လွယ်မှု (M2) (နှစ်စဉ် ပြောင်းလဲမှု %) | ၁၆.၂ | ၂၄.၈ | ၂၆.၂ | ၃၂.၉ |
| စုစုပေါင်း အခွန်ဘဏ္ဍာ ပိုလျှံမှု (လိုအပ်မှု) (GDP ၏ %) | (၄.၇) | (၅.၄) | (၁.၁) | (၆.၁) |
| ရောင်းကုန် ကူးသန်းရောင်းဝယ်မှု ပမာဏ (GDP ၏ %) | ၁.၀ | ၀.၂ | (၃.၃) | (၆.၁) |

| | | | | |
|---|---|---|---|---|
| လက်ရှိ စာရင်းရှင် အပ်ငွေ (GDP ၏ %) | (၁.၅) | (၀.၈) | (၂.၁) | (၆.၂) |
| ပြင်ပကြွေးမြီ ဝန်ဆောင်မှု (ကုန်စည် နှင့် ဝန်ဆောင်မှုများ တင်ပို့မှု %) | ၂.၂ | ၃.၃ | ၂.၉ | ၄.၁ |
| ပြင်ပကြွေးမြီ (GDP ၏ %) | ၁၇.၁ | ၁၆.၄ | ၁၃.၃ | ၁၅.၅ |

| **ဆင်းရဲနွမ်းပါးမှု နှင့် လူမှုရေး** | **အစောပိုင်းနှစ်များ** | **နောက်ပိုင်းနှစ်များ** |
|---|---|---|
| လူဦးရေ (သန်းပေါင်း) | ၅၂.၁၀ [၂၀၁၁] | ၅၂.၅၀ [၂၀၁၅] |
| လူဦးရေ ဖွံ့ဖြိုးမှု (နှစ်စဉ် ပြောင်းလဲမှု %) | ၀.၇၆ [၂၀၁၁] | ၀.၈၈ [၂၀၁၅] |
| မိခင်သေဆုံးမှု အချိုး (အသက်ရှင်လျက် မွေးဖွားသူ ၁၀၀၀၀၀ လျှင် သေဆုံးသည့် ဦးရေ) | ၅၈၀.၀၀ [၁၉၉၀] | ၂၈၂.၀၀ [၂၀၁၄] |
| ကလေးငယ် သေဆုံးမှု အချိုး (တစ်နှစ်အောက်/ အသက်ရှင်လျက် မွေးဖွားသူ ၁၀၀၀ လျှင် သေဆုံးသည့် ဦးရေ) | ၇၇.၅၀ [၁၉၉၀] | ၄၀.၀၀ [၂၀၁၅] |
| မွေးဖွားချိန်မှစ၍ မျှော်မှန်းသက်တမ်း (နှစ်) | ၅၉.၆၀ [၁၉၉၀] | ၆၆.၈၀ [၂၀၁၄] |
| အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်း (%) | ၈၉.၉၀ [၂၀၀၀] | ၉၂.၈၀ [၂၀၁၃] |
| စုစုပေါင်း မူလတန်းကျောင်း အပ်နှံမှု (%) | ၈၇.၇၀ [၂၀၁၀] | ၉၄.၅၀ [၂၀၁၄] |
| ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ရှိ လူဦးရေ (%) | ... | ... |
| သန့်စင်သည့် ရေ သုံးစွဲနိုင်သည့် လူဦးရေ (%) | ၇၈.၁၀ [၂၀၁၀] | ၈၀.၆၀ [၂၀၁၅] |
| မိလ္လာစနစ် သုံးစွဲနိုင်သည့် လူဦးရေ (%) | ၇၆.၆၀ [၂၀၁၀] | ၇၉.၆၀ [၂၀၁၅] |

| **သဘာဝပတ်ဝန်းကျင်** | |
|---|---|
| ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုနှုန်း (တန်ချိန် သန်းပေါင်း) | ၅၂၈.၄၀ [၂၀၁၂] |
| လူတစ်ဦးချင်းစီလျှင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုနှုန်း (တန်ပေါင်း) | ၀.၂၀ [၂၀၁၁] |
| သစ်တော ဧရိယာ (ဟက်တာ သန်းပေါင်း) | ၂၉.၀၀ [၂၀၁၅] |
| မြို့ပြ လူဦးရေ (စုစုပေါင်း လူဦးရေ၏ %) | ၃၄.၃၀ [၂၀၁၅] |

| ADB ၏ ရင်းနှီးမြှုပ်နှံမှုများ (လက်ရှိ ချေးငွေများ) | ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အရ |
|---|---|
| ချေးငွေထုတ်ပေးသည့် အရေအတွက် စုစုပေါင်း | ၁၃ |
| အစိုးရဆိုင်ရာ ချေးငွေများ | ၈ |
| အစိုးရနှင့်မဆိုင်သည့် ချေးငွေများ | ၅ |
| စုစုပေါင်း ချေးငွေ ပမာဏ (အမေရိကန်ဒေါ်လာ မီလျံပေါင်း) | ၉၃၃ |
| အစိုးရဆိုင်ရာ ချေးငွေ ပမာဏ | ၅၀၆ |
| အစိုးရနှင့်မဆိုင်သည့် ချေးငွေများ | ၄၂၇ |
| ငွေထုတ်ပေးခြင်းများ | |
| ငွေထုတ်ပေးသည့် ပမာဏ (အမေရိကန်ဒေါ်လာ မီလျံပေါင်း၊ ၂၀၁၅ ခုနှစ်) | ၄၂.၉၄ |
| ငွေထုတ်ပေးသည့် အချိုး (%) | ၁၁ |

... = မရရှိသေးပါ၊ ( ) = အနှုတ်၊ [ ] = အချက်အလက်များ ရရှိနိုင်သည့် နောက်ဆုံးနှစ်၊ ADB = အာရှဖွံ့ဖြိုးရေးဘဏ်၊ ADF = အာရှဖွံ့ဖြိုးရေး ရန်ပုံငွေ၊ GDP = ပြည်တွင်းအသားတင်ထုတ်လုပ်မှု၊ M2 = ငွေကြေးအမျိုးအစား အမျိုးမျိုး၊ OCR = သာမန်ငွေကြေးအရင်းအမြစ်များ။

က ခုနှစ်များသည် ဘဏ္ဍာရေးနှစ်များဖြစ်ကြသည်။ ယင်းတို့သည် အဆိုပါနှစ်၏ နောက်နှစ် မတ်လ ၃၁ ရက်နေ့တွင် အဆုံးသတ်ကြသည်။ ဥပမာ။ ၂၀၁၄ ဘဏ္ဍာရေးနှစ်သည် ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် အဆုံးသတ်သည်။ ၂၀၁၆ ခုနှစ်အတွက် ခန့်မှန်းတန်ဖိုးများရရှိလိုပါက တောင်းဆိုနိုင်ပါသည်။

ခ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံဗဟိုဘဏ်မှ ငွေလဲနှုန်းကိန်းရှင် သတ်မှတ်ကျင့်သုံးခဲ့ခြင်း၏ ရလဒ်အဖြစ် GDP ၏ အမေရိကန်ဒေါ်လာ တန်ဖိုးများ အပြောင်းအလဲဖြစ်ခဲ့သည်။

အရင်းအမြစ် - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေ။ အာရှနှင့် ပစိဖိတ်ဒေသ အတွက် စီးပွားရေးနှင့် လူမှုရေးကော်မရှင်။ ကမ္ဘာ့ဘဏ်။ Knoema နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ စာတမ်းများနှင့် ခန့်မှန်း ချက်များ။

## ၁။ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာအကြောင်း အနှစ်ချုပ်

၁။ **အခွင့်အလမ်းများ -** မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် သမိုင်းဝင် အသွင်ကူးပြောင်းမှုများ လုပ်ဆောင်လျက်ရှိနေပါသည်။ ၂၀၁၆ ခုနှစ်တွင် လူထု၏ ခိုင်မာအားကောင်းသည့် ထောက်ခံမှုများနှင့် နိုင်ငံတကာ၏ ချစ်ကြည်ရင်းနှီးမှုများ ရရှိထားသည့် အစိုးရသစ်တစ်ရပ် တက်လာပြီး အားလုံးပါဝင်၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ရည်သန်ကာ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ကြိုးပမ်းမှုများသည် မြန်မာနိုင်ငံအနေဖြင့် အာရှတိုက်၏ ဗျူဟာမြောက် တည်နေရာတစ်ခုတွင် တည်ရှိနေခြင်း အပါအဝင် အားသာချက်များနှင့် မြင့်မားသည့် ဖွံ့ဖြိုးရေး အလားအလာများကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ (CPS) ၂၀၁၇-၂၀၂၁ တွင် ဖော်ပြထားသကဲ့သို့ ယခုကဲ့သို့သော တည်ဆောက်ရေးကာလတွင် မြန်မာနိုင်ငံအား ပံ့ပိုးကူညီနိုင်ရေးအတွက် ထူးခြားသည့် အခွင့်အလမ်း တစ်ရပ် ရှိနေပါသည်။

၂။ **ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများ -** မြန်မာနိုင်ငံအနေဖြင့် ကြီးမားသည့် အလားအလာကောင်းများ ရှိနေသော်လည်း (၁) လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် အခြေခံအဆောက်အဦနှင့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ အားနည်းချက်များကို ဖြည့်ဆည်းရေး (၂) စိန်ခေါ်မှုများရှိနေသည့် နိုင်ငံတကာ စီးပွားရေး ဝန်းကျင်အတွင်း မက်ခရိုစီးပွားရေး နှင့် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရေး (၃) ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရေး၊ စီးပွားရေးဝန်းကျင်ကို အဆင့်မြှင့်တင်ရေး၊ စွမ်းရည်နှင့်အုပ်ချုပ်ရေးဆိုင်ရာ စံချိန်စံနှုန်းများတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ နှင့် ရာသီဥတု ပြောင်းလဲမှုတို့ကို ရင်ဆိုင်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန် မြှင့်တင်ရေးတို့အပါအဝင် ဂရုပြုရန် လိုအပ်နေသည့် အရေးကြီးသော ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများ ရှိနေပါသည်။

၃။ **ADB ၏ ထိတွေ့ဆက်ဆံမှု** - ADB သည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက် လာပြီးသည့်နောက်တွင် ယာယီ CPS[1] တစ်ခုကို အကောင်အထည်ဖော်ခဲ့ပြီး စွမ်းရည်မြှင့်တင်ရေး ပဏာမလုပ်ငန်းများ နှင့် အသိပညာဆိုင်ရာ လုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်ခဲ့ကာ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် သင်တန်းပို့ချမှုများ၊ မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။ ADB ၏ အသိ

[1] ADB၊ ၂၀၁၂ ခုနှစ်။ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ယာယီဗျူဟာ - မြန်မာနိုင်ငံ၊ ၂၀၁၂-၂၀၁၄ ခုနှစ်။ မနီလာမြို့။ ADB သည် ဤဗျူဟာအား ၂၀၁၆ ခုနှစ်အထိ သက်တမ်းတိုးချဲ့ခဲ့သည်။ ၂၀၁၄ ခုနှစ်။ နိုင်ငံတော်တွင်း လုပ်ငန်းလည်ပတ်မှုများ လုပ်ငန်းအစီအစဉ် - မြန်မာနိုင်ငံ၊ ၂၀၁၅-၂၀၁၇ ခုနှစ်။ မနီလာမြို့။

ပညာနှင့် စွမ်းရည်မြှင့်တင်ရေး အထောက်အပံ့များသည် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ နှင့် ဗျူဟာများကို အထောက်အကူဖြစ်စေခဲ့သည်။ ADB ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ်များသည် ထိရောက်သော

ဖွံ့ဖြိုးရေးဆိုင်ရာ ရလဒ်များ ရရှိနိုင်ရေးအတွက် အစိုးရ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် အခြားအရေးပါသည့် အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြသည်။

၄။ ဗျူဟာ - CPS ၂၀၁၇-၂၀၂၁ သည် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော စီးပွားရေး တိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အလုပ်အကိုင်များ ဖန်တီးရေးတို့တွင် အစိုးရအား အထောက်အပံ့ပေးနိုင်ရန် ရည်ရွယ်သည်။ ADB ၏ လုပ်ငန်းလည်ပတ်မှုများ သည် (၁) ကျေးလက်နှင့် မြို့ပြ နယ်ပယ်များအား ဈေးကွက်များနှင့် ချိတ်ဆက်ရာတွင် လက်လှမ်းမီမှု နှင့် ကွန်ရက်ချိတ်ဆက်နိုင်မှုတို့ကို မြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံအား ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်များနှင့် ချိတ်ဆက်ခြင်း (၂) ကျွမ်းကျင်သည့် လုပ်သားထုများ တိုးပွားလာစေရေးနှင့် အလုပ်အကိုင် ရရှိမှု တိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာအားကောင်းစေခြင်းနှင့် စီးပွားရေးတိုးတက်မှု၏ အကျိုးကျေးဇူးများကို ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူများရရှိခံစားနိုင်စေခြင်း (၃) စီးပွားရေးစနစ် ခေတ်မီတိုးတက်လာစေရေးကို အထောက်အကူဖြစ်စေရန် ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား မြှင့်တင်ခြင်းတို့တွင် အာရုံစူးစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ အဆိုပါ ဦးစားပေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ADB ၏ လုပ်ငန်းလည်ပတ်မှုများအား (စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးရေး) အခြေခံအဆောက်အဦများတွင် ဗဟိုပြု၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ အားလုံးပါဝင်မှုကို တိုးမြှင့်နိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် သင်တန်းပို့ချခြင်းများ လုပ်ဆောင်ခြင်းဖြင့် အဆိုပါ အာရုံစူးစိုက်မှုကို အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ADB သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စွမ်းရည်မြှင့်တင်ရေးနှင့် အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များဆိုင်ရာ အဆိုးကြုံနိုင်ခြေ စီမံခန့်ခွဲမှု၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ကျား/မ တန်းတူညီမျှရေးတို့တွင် ပိုမိုအာရုံစူးစိုက် လုပ်ဆောင်သွားမည်ဖြစ်သည်။

၅။ ADB ၏ တန်ဖိုးတိုးမြှင့် လုပ်ငန်းများ - ADB ၏ သာမန်ငွေကြေးအရင်းအမြစ်များအား အစိုးရထံ ချေးငွေထုတ်ပေးခြင်းနှင့် ယင်း၏ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းများအတွက် ဈေးကွက်အခြေပြု ရန်ပုံငွေများသည် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို ဖြေရှင်းရာတွင် အထောက်အကူပြုပြီး နိုင်ငံခြား ပံ့ပိုးမှု နှင့် စီးပွားရေးဆိုင်ရာ ပူးတွဲငွေကြေးပံ့ပိုးမှုတို့ကို မြှင့်တင်ပေးမည်ဖြစ်သည်။ ADB သည် ယင်း၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းရည်နှင့် ကဏ္ဍဆိုင်ရာ အသိပညာများကို အခြေခံကာ ဆန်းသစ်သည့် ကျွမ်းကျင်မှုဆိုင်ရာ ဖြေရှင်းချက်များကိုလည်း ထောက်ပံ့ပေးမည်ဖြစ်ပြီး မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးကူညီ၍ အမျိုးသားအဆင့်နှင့် ဒေသအဆင့် အချိတ်အဆက်များကိုမြှင့်တင်ပေးကာ ပဋိပက္ခအခြေအနေဆိုင်ရာထိခိုက်လွယ်မှုများအားထည့်သွင်း တွက်ချက်

ထားသည့် ချဉ်းကပ်မှုများကို ဖော်ဆောင်မည်ဖြစ်သည်။ ADB သည် နိုင်ငံတွင်းရှိ အခိုင်အမာ တည်ထောင်ထားသည့် အစိတ်အပိုင်းများနှင့် ကွန်ရက်များကို အသုံးချကာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများကို လှုံ့ဆော်ရန် အတွက် ဘက်မလိုက်သည့် ကြားနေအဖွဲ့အစည်းတစ်ရပ်အဖြစ် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## ၂။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေ

### က။ နောက်ခံသမိုင်း

၆။ အခြေအနေ - မြန်မာနိုင်ငံသည် ချုပ်ကိုင်မှုများ ဖြေလျော့ပေးသည့် ၂၀၁၁ ခုနှစ်မှ စတင်ကာ - ဆယ်စုနှစ်များစွာ စစ်တပ်မှ တိုက်ရိုက်အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသို့၊ အစိုးရမှ ထိန်းချုပ်သည့် စီးပွားရေးစနစ်မှ လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်သို့ သမိုင်းဝင် အခြေခံကျသည့် အသွင်ကူးပြောင်းမှုတစ်ခုကို လုပ်ဆောင်နိုင်ခဲ့ပြီး တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ပဋိပက္ခများ ဖြစ်ပွားနေရာမှ အနိမ့်ဆုံးအနေဖြင့် နိုင်ငံ၏အချို့သော အပိုင်းများတွင် အောင်မြင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့ကာ အထိုက်အလျောက် တည်ငြိမ်အေးချမ်းမှု ရရှိခဲ့သည်။ ဖွံ့ဖြိုးရေး မိတ်ဖက်များသည်လည်း နိုင်ငံတွင်းရှိ လုပ်ငန်းလည်ပတ်မှုများကို ပြန်လည်စတင်နိုင်ခဲ့ကာ နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများကိုလည်း ဖယ်ရှားခဲ့ပြီးဖြစ်သည်။ ကျယ်ပြန့်သည့် စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း အစိုးရမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့ကြောင့် စီးပွားရေး တိုးတက်မှုကို လှုံ့ဆော်နိုင်ခဲ့ပြီး ပိုမိုကောင်းမွန်သည့် လူမှုရေး အညွှန်းကိန်းများနှင့် တရားဥပဒေ စိုးမိုးမှုတို့ဖြင့် စီးပွားရေးစနစ်အား ပြန်လည်ပြုပြင်တည်ဆောက်ရေးကို ဦးတည်စေခဲ့သည်။ သဘာဝ သယံဇာတများ ပေါကြွယ်ဝမှု၊ ငယ်ရွယ်ပျိုမျစ်သော လူဦးရေများစွာရှိမှုနှင့် ကြီးမားကျယ်ပြန့်ပြီး များစွာအသုံးမပြုရသေးသည့် ဈေးကွက်တစ်ခုတို့ အပါအဝင် အစိုးရထံတွင် နိုင်ငံ၏ အားသာချက်များကို ထိရောက်စွာ အသုံးချနိုင်မည့် အခွင့်အလမ်းတစ်ရပ် ရှိနေပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာရှတိုက်၏ လမ်းဆုံတွင် တည်ရှိနေခြင်းနှင့် ကမ္ဘာ့လူဦးရေ၏ ၄၀% နေထိုင်သည့် အိမ်နီးချင်းနိုင်ငံများရှိခြင်းသည် မြန်မာနိုင်ငံနှင့် ဒေသတစ်ခုလုံးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေသည်။

၇။ ADB ၏ မြန်မာနိုင်ငံနှင့် ပြန်လည်ထိတွေ့ဆက်ဆံမှု - ADB သည် နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ယာယီ CPS ၂၀၁၂ - ၂၀၁၄ (အောက်ခြေမှတ်ချက် ၁) ၏ အောက်တွင် ADB သည် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ နှင့် အခြား ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ဆက်ဆံရေး တည်ဆောက်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများကို အာရုံစူးစိုက် လုပ်ဆောင်ခဲ့ပြီး အသိပညာနှင့် စွမ်းရည်မြှင့်တင်ရေး အထောက်အပံ့များ ပေးခဲ့ကာ ချေးငွေထုတ်ပေးသည့် လုပ်ငန်းများကို

ပြန်လည်စတင်ခဲ့ပြီး သိသိသာသာ လုပ်ငန်းလည်ပတ်နိုင်သည့် အစီအစဉ်တစ်ခုကို တည်ဆောက်ခဲ့ကာ အစိုးရနှင့် အစိုးရမဟုတ်သည့် ချေးငွေထုတ်ပေးခြင်းနှင့် ချေးငွေထုတ်ပေးခြင်းမဟုတ်သည့် လုပ်ငန်းများ အပါအဝင်

လုပ်ငန်းလည်ပတ်မှု အစီအစဉ်တစ်ရပ် ရေးဆွဲခဲ့၍ ADB ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ်ရုံးများကို နေပြည်တော်နှင့် ရန်ကုန်မြို့ များတွင် ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါတွင် ADB အနေဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကို အရှိန်အဟုန် မြှင့်တင်ကာ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်ရာတွင် အထောက်အပံ့ပေးနိုင်မည့် သမိုင်းဝင် အခွင့်အလမ်းတစ်ရပ် ရှိနေပါသည်။

## ခ။ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်မွမ်းမံမှု

**၈။ စီးပွားရေး** - မြန်မာနိုင်ငံ၏ စီးပွားရေးသည် အခြေခံအားနည်းပြီး စီးပွားရေး တိုးတက်မှုကို သဘာဝသယံဇာတများ ပြည်ပသို့တင်ပို့ခြင်း (အများအားဖြင့် သဘာဝဓာတ်ငွေ့)၊ ဆောက်လုပ်ရေးနှင့် ခရီးသွားလာရေးတို့ဖြင့် မောင်းနှင်သည်။ စိုက်ပျိုးရေးသည် စီးပွားရေးစနစ်ကို လွှမ်းမိုးထားပြီး ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှု (GDP) ၏ ၂၉%၊ အလုပ်အကိုင်များ၏ ၅၂% နှင့် ပို့ကုန်များ၏ ၂၀% တို့တွင် ပါဝင်သည်။ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများသည် GDP ၏ ၂၀% ပါဝင်ပြီး အဓိက ပို့ကုန်များအဖြစ် အဝတ်အထည်များ နှင့် သစ်ထုတ်လုပ်မှုတို့သည် အများစုဖြစ်သည်။ တရားမဝင်စီးပွားရေးသည် ဆက်လက် ကြီးမားနေဆဲဖြစ်သည်။ အသွင်ကူးပြောင်းရေး နှင့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များကြောင့် GDP သည် ၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ၅.၆% ရှိရာမှ ၂၀၁၃ မှ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပျမ်းမျှအားဖြင့် ၈.၀% ကျော်အထိ ဖြည်းဖြည်းမှန်မှန် တိုးတက်လာသည်။ စီးပွားရေး တိုးတက်မှုအား ကမ္ဘာနှင့် ဈေးနှုန်း ချိန်ညှိမှုများ၊ ဒေသတွင်း နှင့် နိုင်ငံတကာ စီးပွားရေး နှင့် ကုန်ဈေးနှုန်းများ အပါအဝင် အကြောင်းအရင်း အမျိုးမျိုးမှ သက်ရောက်မှု ရှိသော်လည်း လက်ရှိလုပ်ဆောင်နေဆဲ ပြုပြင်ပြောင်းလဲမှုများ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း နှင့် အခြေခံအဆောက်အဦ စီမံကိန်းသစ်များ၏ ရလဒ်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် အလယ်အလတ်ကာလမှ ရေရှည်ကာလတွင် လျင်မြန်စွာ ဆက်လက် တိုးတက်နေဦးမည် ဖြစ်သည်။ မက်ခရို စီးပွားရေး တည်ငြိမ်မှုသည် ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်နေဆဲဖြစ်ပြီး ငွေကြေး ဖောင်းပွမှု၊ ဘဏ္ဍာရေး လိုငွေ နှင့် နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်း၊ နိုင်ငံ၏ စုဆောင်းငွေများ အပါအဝင် နိုင်ငံခြားကုန်သွယ်မှု အခြေအနေတို့အပေါ် ဆက်လက်အာရုံစူးစိုက်ရန် လိုအပ်နေသည်။ အစိုးရသည် ဘဏ္ဍာရေး ဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘဏ်လုပ်ငန်း ကြီးကြပ်မှု၊ ငွေကြေးအရင်းအနှီး ထိန်းချုပ်မှုနှင့် ငွေကြေး မူဝါဒ ကိရိယာများကို တိုးတက်စေခဲ့ပြီး စီးပွားရေး ဝန်းကျင်ကို အဆင့်မြှင့်တင်ရန်အတွက် အရေးပါသည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်။

၉။ လူမှုရေး နှင့် ကျား/မ ရေးရာ - မြန်မာနိုင်ငံသည် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်းနှင့် ဝင်ငွေနှင့်သက်ဆိုင်ပြီး ပိုမိုကျယ်ပြန့်သည့် ဆင်းရဲနွမ်းပါးမှု ပုံစံများကို လျှော့ချခြင်းဖြင့် အရေးကြီးသည့် တိုးတက်မှု အခြေအနေတစ်ရပ်ကို ရရှိခဲ့သည်။ အားကောင်းသည့် ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းသည် လူနေမှု အဆင့်အတန်း မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေပြီး မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုး တက်ရေး ရည်မှန်းချက်များ[2] အောင်မြင်စေရေးအတွက် တိုးတက်မှု အချို့ ရှိလာခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံ သည် (၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်) ခန့်မှန်းခြေ လူတစ်ဦးချင်းစီ၏ ဝင်ငွေသည် ၁၁၉၃ ဒေါ်လာရှိပြီး လူ ၄ ဦးလျှင် ၁ ဦးသည် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်း၏ အောက်တွင် ရှိနေပြီး လူဦးရေ အတော်များများသည် အဆိုပါ မျဉ်း၏ အပေါ်တွင် ရှိသည်ဆိုရုံမျှသာ ရှိနေသည်။ လူအများစုသည် ဝင်ငွေ မဟုတ်သည့် ဆင်းရဲနွမ်းပါးမှု ပုံစံ အမျိုးမျိုးကို ရင်ဆိုင်နေရသေးသည်။ အထောက်အထားအချို့အရ ဝင်ငွေကွာဟမှုသည် အထူးသဖြင့် မြို့ပြ နှင့် ကျေးလက်နေ ပြည်သူများအကြားတွင် တိုးပွားလာနေသည်။ ထို့အပြင် ရွှေ့ပြောင်းအခြေချခြင်းသည်လည်း ဝင်ငွေကွာဟမှုကို ပိုမိုမြင့်မားလာစေသည်။ အမျိုးသမီးများ၏ စာတတ်မြောက်မှု၊ ပညာရေးဆိုင်ရာ ပြီးမြောက် အောင်မြင်မှုနှင့် အလုပ်အကိုင်ရရှိမှုတို့အပါအဝင် အမျိုးသမီးများအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အညွှန်း ကိန်းများတွင် သိသိသာသာတိုးတက်လာသည်ကို တွေ့မြင်ရပြီး အမျိုးသမီးများအနေဖြင့် စိုက်ပျိုးရေး မဟုတ် သည့် အလုပ်အကိုင်များ ရရှိမှုသည်လည်း တဖြည်းဖြည်း တိုးတက်လာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ပညာရေး စနစ်၏ အရည်အသွေး၊ ဆီလျော်မှု နှင့် ကျား/မ ရေးရာ အကြောင်းအရာ အခြေအနေများ ထည့်သွင်းစဉ်းစားခြင်း၊ အမျိုးသမီးလုပ်သားထု ပါဝင်မှု နိမ့်ကျခြင်း၊ ကျား/မ ကွဲပြားမှုပေါ်အခြေခံ၍ အလုပ်အကိုင်များ ကွဲပြားခြင်း နှင့် လစာကွာဟမှုများ၊ မြေယာ၊ ချေးငွေနှင့် တိုးချဲ့ရေး လုပ်ငန်းများ အပါအဝင် ကုန်ထုတ်လုပ်မှုအတွက် အရင်းအနှီး များကို အမျိုးသမီးများအနေဖြင့် လက်လှမ်းမီမှု နည်းပါးခြင်းဆိုင်ရာ အခက်အခဲများ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ဝင်ငွေမရရှိသည့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများ၏ ဝန်ထုပ်ဝန်ပိုး၊ အိမ်တွင်း အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ မျှတစွာ မရရှိနိုင်မှုတို့အပေါ် စိုးရိမ်ပူပန်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။[3]

## ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများ

၁၀။ **အခြေခံအဆောက်အဦနှင့် ဆက်သွယ်ရေး** - အခြေခံအဆောက်အဦ မလုံလောက်ခြင်းသည် မြန်မာ နိုင်ငံအား ဈေးကွက်များနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှုကို အဟန့်အတား ဖြစ်စေပြီး

---

2 အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှနှင့်ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်၊ နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်။ ၂၀၁၅။ အကောင်အထည်ဖော်ဆောင်ခြင်း - အာရှတိုက် နှင့် ပစိဖိတ်ဒေသရှိ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ ဘဏ္ဍာရေး နှင့် စာရင်းအင်းများ။ မနီလာမြို့။ မြန်မာနိုင်ငံရှိ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDG များ) တိုးတက်မှုအခြေအနေဆိုင်ရာ UNDP ၏ အစီရင်ခံစာအား လက်ရှိတွင် ပြင်ဆင်နေဆဲဖြစ်သည်။

3 ADB et al ။ ၂၀၁၆ ခုနှစ်။ မြန်မာနိုင်ငံရှိ ကျား/မ မျှတမှု နှင့် အမျိုးသမီးအခွင့်အရေးများ - အခြေအနေများ စိစစ်လေ့လာချက် တစ်ခု။ မနီလာမြို့။

သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကို တိုးမြင့်စေသည်။ ယင်းသည် စီးပွားရေး ဝန်းကျင်ကို ထိခိုက်စေပြီး ဆင်းရဲနွမ်းပါးမှုနှင့် ဒေသတွင်း မညီမျှမှုကို ဖြစ်စေသည့် အဓိက အကြောင်းအရင်းတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ လမ်းကွန်ရက်၏ ၄၀% ကိုသာ လမ်းခင်းထားနိုင်ပြီး လူဦးရေ သန်း ၂၀ (ကျေးလက်နေပြည်သူများ၏ ထက်ဝက်) သည် ရာသီဥတုမရွေးသွားလာနိုင်သော လမ်းများကို အသုံးပြုနိုင်ခြင်း မရှိပေ။ ယင်းသို့ဖြစ်နေချိန်တွင် ကုန်းတွင်းပိုင်းရေကြောင်းသွားလာရေးနှင့် မြစ်ဆိပ်ကမ်းအခြေခံအဆောက်အဦများသည်လည်း လုံလောက်မှုမရှိပေ။ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးတွင် ပါဝင်ပြီး လူဦးရေ၏ ၃၄% သာ လျှပ်စစ်ဓာတ်အားရရှိကာ လက်ရှိ စွမ်းအင် အခြေခံအဆောက်အဦများသည် လက်ရှိလိုအပ်ချက်၏ ထက်ဝက်ခန့်ကိုသာ ဖြည့်ဆည်းပေးနိုင်သည်။ အခြေခံ မြို့ပြ အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများသည် မြို့ပြစင်တာများအနေဖြင့် စီးပွားရေး တိုးတက်မှုအတွက် အထောက်အကူ ဖြစ်နိုင်သည်အထိ လုံလောက်မှုမရှိဘဲ အခြေခံအဆောက်အဦ အရည်အသွေးနိမ့်ကျမှုနှင့် လက်လှမ်းမီမှုမရှိခြင်းသည် ကျေးလက်ဒေသ နယ်ပယ်များတွင် ပိုမိုဆိုးရွားသည်။ မြို့ပြ စီမံကိန်းရေးဆွဲရာတွင် အားနည်းချက်များရှိနေခြင်းသည် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ သို့ရာတွင် ဖွံ့ဖြိုးရေးအတွက် လျှင်မြန်သည့်အဆင့်မြှင့်တင်မှုများ လုပ်ဆောင်နိုင်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးချနိုင်မည့် အခွင့်အလမ်းတစ်ရပ်ရှိနေသည်။ ယင်းသို့လုပ်ဆောင်နိုင်ခြင်းကို ဆက်သွယ်ရေးကဏ္ဍတွင် အားကောင်းစွာ မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ နှစ်အနည်းငယ်ခန့်အတွင်း၌ ဈေးနှုန်းချိုသာပြီး ဒေတာအသုံးချမှုများပါဝင်သည့် ကြိုးမဲ့တယ်လီဖုန်းများသည် လူထု၏ ၈၅% အတွက် အလွယ်တကူ ရရှိနိုင်ပြီဖြစ်ပြီး ယင်းသည် အသက်မွေးဝမ်းကျောင်းမှုများအပေါ်တွင် အရေးပါသည့် အကျိုးသက်ရောက်မှုများ ဖြစ်စေခဲ့သည်။ ၂၀၁၇- ၂၀၃၀ အတွက် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဏ္ဍများအတွက် အခြေခံအဆောက်အဦ လိုအပ်ချက် အမေရိကန်ဒေါ်လာ ၁၂၀ ဘီလျံခန့်ရှိမည်ဟု ခန့်မှန်းထားပြီး မြို့ပြ အခြေခံအဆောက်အဦကိုပါ ထည့်တွက်ပါက ထို့ထက်ပိုများ နိုင်ပါသည်။ [4]

၁၁။ **လူ့စွမ်းအားအရင်းအမြစ်** - လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု နိမ့်ကျခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးစွာ အဟန့်အတားဖြစ်စေသည်။ ပညာရေးစနစ်တွင် အားနည်းချက်များစွာ ရှိနေခြင်း နှင့် ယင်း၏ အကျိုးဆက်ဖြစ်သည့် ကျွမ်းကျင်မှု အားနည်းခြင်းများသည် ပြည်သူအများစု (အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သည့် အုပ်စုများ) အား စီးပွားရေး တိုးတက်မှုတွင် အပြည့်အဝ ပါဝင်နိုင်ရန်နှင့် စီးပွားရေး တိုးတက်မှု၏ အကျိုးကျေးဇူးကို ရရှိခံစားနိုင်ရန် အကန့်အသတ် ဖြစ်စေသည်။ အစိုးရသည် ပညာရေးကဏ္ဍ ပြန်လည်ခိုင်မာ အားကောင်းလာစေရန်အတွက် ပညာရေးဘက်ဂျက်ကို တိုးမြှင့်ခဲ့ပြီး အခြားအရေးပါသည့် အဆင့်များကိုလည်း လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ယခုအခါတွင် လူငယ်များ၏ ၈၀% ကျော်သည် မူလတန်းပညာရေးကို ပြီးမြောက်ကြသော်လည်း ငါးပုံ နှစ်ပုံမျှသည်သာ အလယ်တန်းပညာရေးကို ပြီးမြောက်ကြသည်။ ကျား/မ၊ တည်နေရာ (မြို့ပြနှင့် ကျေးလက်) နှင့် လူမှုစီးပွား အခြေအနေပေါ်မူတည်၍ (၁) အလယ်တန်းနှင့်

[4] ADB၊ ၂၀၁၄ ခုနှစ်။ မြန်မာနိုင်ငံ - အခွင့်အလမ်းများအား တံခါးဖွင့်ပေးခြင်း - နိုင်ငံဆိုင်ရာ စိစစ်လေ့လာချက်။ မနီလာမြို့။

အထက်တန်းတွင် သိသိသာသာ ကျယ်ပြန့်လာသည့် ပညာရေးကို လက်လှမ်းမီမှု နှင့် (၂) လုပ်ငန်းခွင် ရလဒ်များတွင် သိသာသည့် မညီမျှမှုများ ရှိနေသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရာတွင် ရှိနေသည့် အဓိက အခက်အခဲများအား ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများမှ အမှတ်ပေးသတ်မှတ်ရာတွင် ယင်းတို့ အားလုံးသည် လူ့စွမ်းအားအရင်းအမြစ်ကို ထိပ်ဆုံးအခက်အခဲများတွင် တစ်ညီတစ်ညွတ်တည်း ထည့်သွင်း သတ်မှတ်ကြပြီး လူငယ်များအနေဖြင့် အလုပ်အကိုင်များအတွက် ပြင်ဆင်ထားမှုအားနည်းကြောင်း တင်ပြကြသည်။ လက်လှမ်းမီမှု အခက်အခဲများအပြင် ခေတ်မီစီးပွားရေးစနစ်တစ်ခုတွင် (ဖြတ်ထိုးစဥ်းစားခြင်းမှ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများ ရှိသည့်) ကျွမ်းကျင်လုပ်သားများ လုံလောက်မှုမရှိခြင်းသည် ကျွမ်းကျင်မှုကို အလေးမပေးဘဲ စာမေးပွဲများနှင့် ဒီပလိုမာလက်မှတ်များကို အလေးပေးသည့် ပညာရေးစနစ်ကြောင့် ပညာရေးအရည်အသွေးနှင့် ဆီလျော်မှု အားနည်းခြင်းကို ထင်ဟပ်နေသည်။ ပညာရေး ပြုပြင်ပြောင်းလဲမှုများ အထူးသဖြင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) အပါအဝင် မူလတန်းလွန် ပညာရေးတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေးသည် ကျွမ်းကျင်သည့် လုပ်သားများ ပြုစုပျိုးထောင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးနှင့် တိုးတက်မှုတွင် အားလုံးပိုမိုပါဝင်နိုင်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။

၁၂။ **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး** - လူဦးရေ၏ ၇၀% နီးပါးနှင့် ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူအများစုသည် ကျေးလက်နယ်ပယ်များတွင် နေထိုင်ကြသည်။ ထို့ကြောင့် ကျေးလက်ဒေသနှင့် စိုက်ပျိုးရေး ကဏ္ဍများအား ဦးစားပေး အာရုံစိုက်ရန် လိုအပ်နေပြီး အားလုံးပါဝင်သော စီးပွားရေး တိုးတက်မှု ရရှိနိုင်ရေး အတွက် အခွင့်အလမ်းများစွာရရှိနိုင်သည်။[5] ကျေးလက်ဒေသနေပြည်သူများ၏ထက်ဝက်ခန့်သည် မြေယာပိုင်ဆိုင်မှုမရှိဘဲ မိရိုးဖလာ လုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းငယ်များမှလွဲ၍ ဝင်ငွေရရှိနိုင်သည့် အရင်းအမြစ် အကန့်အသတ်ရှိနေပြီး ကျေးလက်နေ အိမ်ထောင်စုများ၏ ၄၀% ခန့်မှာမူ ၂ ဟက်တာအောက်နည်းသည့် မြေယာပိုင်ဆိုင်မှုများ ရှိကြသည်။ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့် လုပ်အားနှင့် မြေယာဆိုင်ရာ အကျိုးအမြတ်များ၊ ကျေးလက်အခြေခံအဆောက်အဦ လိုအပ်ချက်များ၊ ဈေးကွက်များသို့ လက်လှမ်းမီမှုနှင့် စိုက်ပျိုးရေးစနစ်များ အမျိုးမျိုးကွဲပြားစေခြင်းအတွက် လက်လှမ်းမီမှု အကန့်အသတ်ရှိခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် သင့်လျော်သည့် ငွေကြေး ထုတ်ကုန်များ လက်လှမ်းမီမှုတို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစု ကွင်းဆက်များသို့ ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်းနိုင်ရေးနှင့် မြို့ပြ၏ တိုးပွားလာနေသည့် လိုအပ်ချက်များကို တုန့်ပြန်နိုင်ရန်အတွက် ကျေးလက်ဒေသတွင် စိုက်ပျိုးရေးမဟုတ်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအား အများအားဖြင့် အသုံးမချရသေးပေ။

---

5 အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး သုံးသပ်ချက် (နောက်ဆက်တွဲ ၃ ရှိ ဆက်စပ်စာရွက်စာတမ်း များစာရင်းတွင် ရရှိနိုင်သည်။)

၁၃။ **ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ -** ဗဟိုမှ ထိန်းချုပ်ကွပ်ကဲပြီး စိုက်ပျိုးရေးကို ကြီးစွာ အခြေပြုထားသည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေး စနစ်သို့ ကူးပြောင်းရေးကို စီမံခန့်ခွဲရာတွင် ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြောင်းလဲမှုများစွာ လုပ်ဆောင်ရန် လိုအပ်သည်။ ယင်းအပြောင်းအလဲများတွင် (၁) စိုက်ပျိုးရေးလုပ်ငန်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုများသို့ လုပ်သားများအား ပြောင်းရွှေ့ခြင်း (၂) စီးပွားရေးလုပ်ငန်းများ အမျိုးအစားစုံလင်စွာ ကွဲပြားစေခြင်း နှင့် သယံဇာတ ထုတ်ယူခြင်းအပေါ် မှီခိုနေရမှုကို လျှော့ချခြင်း (၃) တန်းတူညီမျှမှု၊ ယှဉ်ပြိုင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို တိုးမြှင့်ကာ အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ၊ စစ်တပ်နှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများနှင့် လူတစ်စုမှ အုပ်စိုးထားသည့် စီးပွားရေးလုပ်ငန်းများ ပါဝင်ပတ်သက်နေသည့် လက်ဆင့်ကမ်းလာခဲ့သော ပြဿနာများအား ဖြေရှင်းခြင်း (၄) အခြေခံအဆောက်အဦ လိုအပ်ချက်များကို လျှော့ချခြင်း (၅) ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်များအတွင်းသို့ ပြန်လည်ပေါင်းစည်းဝင်ရောက်ခြင်းနှင့် (၆) အင်စတီကျူးရှင်းများအား ခိုင်မာအားကောင်းစေခြင်း နှင့် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများ၏ စွမ်းရည်မြှင့်တင်ခြင်းတို့ ပါဝင်သည်။

၁၄။ **ပုဂ္ဂလိကကဏ္ဍ -** မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍတွင် တရားမဝင် စီးပွားရေးလုပ်ငန်းများနှင့် အလွန်သေးငယ်သော စီးပွားရေးလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများသာ လွှမ်းမိုးနေပြီး အရွယ်အစား ကြီးမားပြီး ခေတ်မီသည့် စီးပွားရေးလုပ်ငန်း အနည်းငယ်သာရှိသည်။ ပုဂ္ဂလိကကဏ္ဍတွင် စီးပွားရေးလုပ်ငန်း အမျိုးအစားစုံလင်ကွဲပြားမှုကို အထောက်အပံ့ပေးနိုင်မည့် တိုးတက်ပြောင်းလဲနိုင်သည့် အလားအလာရှိသော အလတ်စားစီးပွားရေးလုပ်ငန်းများ လိုအပ်နေသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး လုပ်ငန်းများတွင် (၁) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးစနစ်တစ်ခုတွင်လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်ချက်များနှင့်အညီ (များစွာခေတ်နောက်ကျနေသည့်) ဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်ကို ပြင်ဆင်မွမ်းမံရေး (၂) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်နိုင်စွမ်းနှင့်ယှဉ်ပြိုင်နိုင်စွမ်းတို့ကို မြှင့်တင်နိုင်မည့်မူဝါဒများရေးဆွဲရေး (၃) အခြေခံ အဆောက်အဦနှင့် ဆက်သွယ်ရေးတို့ကို အဆင့်မြှင့်တင်ရေး (၄) ကျန်းမာရေး၊ ပညာရေးနှင့် သင်တန်းများကဲ့သို့သော အရေးပါသည့် ဝန်ဆောင်မှုများကို ပိုမိုအလေးပေး ဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ရေး (၅) ဘဏ္ဍာရေးကဏ္ဍ ခိုင်မာအားကောင်းစေရေးနှင့် (၆) အစိုးရပိုင် စီးပွားရေးလုပ်ငန်းများအား နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံး စံရှိန်စံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရေးတို့ ပါဝင်သည်။

၁၅။ **စွမ်းရည်နှင့် အုပ်ချုပ်ရေး** - အများပြည်သူဆိုင်ရာကဏ္ဍသည် စွမ်းဆောင်ရည် နိမ့်ကျနေပြီး အခြေခံဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအပေါ် ကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်စေသည်။ မြန်မာနိုင်ငံသည် အကျင့်ပျက်ခြစားမှုနှင့် တရားစီရင်ရေးမဏ္ဍိုင်၏ လွတ်လပ်မှုတို့အပါအဝင် နိုင်ငံတကာ အုပ်ချုပ်ရေးဆိုင်ရာ အညွှန်းကိန်းများတွင် အဆင့်သတ်မှတ်ချက် နိမ့်ကျနေသည်။ အုပ်ချုပ်ရေးနှင့် ပွင့်လင်းမြင်သာမှုတို့ကို အဆင့်မြှင့်တင်ရန်အတွက် ခိုင်မာအားကောင်းပြီး ရေရှည်တည်တံ့သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်လိုအပ်ပြီး အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အစီအမံများကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ရန် လိုအပ်နေသည်။ ပြည်သူ့

ဘဏ္ဍာစီမံခန့်ခွဲရေးနှင့် ပစ္စည်းဝယ်ယူစုဆောင်းရေးတို့တွင် တိုးတက်မှုများ ရှိနေသော်လည်း အင်စတီကျူးရှင်းဆိုင်ရာ ဖွဲ့စည်းမှုများ၊ အဓိကကျသည့် ငွေကြေးစွမ်းဆောင်ရည် အတိုင်းအတာများ၊ အရင်းအမြစ် ခွဲဝေသတ်မှတ်မှုများနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့တွင် အားနည်းချက်များ ရှိနေသေးသည်။ အထူးသဖြင့် စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်သည့် စွမ်းရည်များတွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန်လိုအပ်နေသေးသည်။ ဥပဒေရေးရာ ပြောင်းလဲမှုများကို လုပ်ဆောင်လျက်ရှိနေပြီဖြစ်သော်လည်း ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်ရာတွင် လွတ်လပ်မှုရှိကြောင်း သေချာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တို့ကို ခိုင်မာအားကောင်းစေရန်အတွက် ပိုမိုခိုင်မာအားကောင်းသည့် အကောင်အထည်ဖော်ဆောင်မှုများ လုပ်ဆောင်ရန်လိုအပ်နေသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိန်းဂဏန်းများသည် လက်ရှိ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များနှင့်အတူ တိုးတက်လျက်ရှိသော်လည်း အရည်အသွေး၊ အချိန်နှင့်တပြေးညီဖြစ်မှုနှင့် လက်လှမ်းမီ အသုံးချနိုင်မှုတို့သည် အင်စတီကျူးရှင်းဆိုင်ရာ စွမ်းရည်နှင့် လူ့စွမ်းအား အရင်းအမြစ်များ အားနည်းခြင်းကြောင့် ဆက်လက် နိမ့်ကျနေဆဲဖြစ်ပြီး အဟန့်အတားဖြစ်နေသေးသည်။

၁၆။ **သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးကျရောက်နိုင်ခြေ** - မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အထူးသဖြင့် ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာသည် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ပေါ်တွင် မှုတည်နေသည်။ သို့ရာတွင် လူဦးရေ တိုးပွားလာခြင်း၊ စီးပွားဖြစ် အသုံးချခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် စိုးရိမ်ဖွယ်အခြေအနေရောက်ရှိနေသည်။[6] ရေရှည်တည်တံ့မှု မရှိသည့် မြေယာနှင့် ရေစီမံခန့်ခွဲမှု အလေ့အထများသည် သစ်တောအကာအကွယ်များ လျော့ကျခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုနှုန်းများ ကျဆင်းခြင်းနှင့် ရေထုအရည်အသွေးညံ့ဖျင်းခြင်းတို့ကို ဖြစ်စေသည်။ မြို့ပြနယ်ပယ်များတွင် ပြည်သူများသည် ရေရရှိမှု၊ ရေနုတ်မြောင်း၊ မိလ္လာရေနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရန် မလုံလောက်ခြင်းတို့ကို တွေ့ကြုံခံစားနေရသည်။ မြန်မာနိုင်ငံသည် သဘာဝဘေးများကြောင့် ဘေးအန္တရာယ်များကျရောက်ရာတွင်လည်း ထိခိုက်လွယ်မှု မြင့်မားနေပြီး နှစ်စဉ်ပျမ်းမျှအားဖြင့် GDP ၏ ၃% ခန့် ဆုံးရှုံးနေပြီး နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကာ အထူးသဖြင့် ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၊ လုပ်ငန်းငယ်များ၊ တောင်သူများနှင့် ဖယ်ကျဉ်ခံထားရသည့် အုပ်စုများအပေါ် ဆိုးကျိုးများစွာ သက်ရောက်နေသည်။ [7] မြန်မာနိုင်ငံသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်

[6] မြန်မာနိုင်ငံသည် (၁) ပထဝီအနေအထားအရ တည်နေရာနှင့် သဘာဝဘေးအန္တရာယ်များ ရှိနေခြင်း (၂) ပြည်သူများနှင့် ပိုင်ဆိုင်မှုများနှင့် သဘာဝဘေးအန္တရာယ်များ၏ ထိတွေ့မှု နှင့် (၃) လက်ရှိ လူမှုစီးပွား ထိခိုက်လွယ်မှုများကြောင့် သဘာဝဘေးများဆိုင်ရာ ဘေးအန္တရာယ်များ နှင့် ရာသီဥတုပြောင်းလဲမှု၏ အလားအလာရှိသည့် အကျိုးသက်ရောက်မှုများ ကျရောက်နိုင်သည့် အဆိုးကြုံနိုင်ခြေ မြင့်မားစွာရှိနေသည်။

[7] ကုလသမဂ္ဂ။ ၂၀၁၅ ခုနှစ်။ နိုင်ငံတကာ သုံးသပ်ချက် အစီရင်ခံစာ။ ၂၀၁၅ ခုနှစ်။ နယူးယောက်မြို့။ မြန်မာနိုင်ငံသည် အလွန်ပြင်းထန်သည့် ရာသီဥတုဆိုင်ရာ ဖြစ်ရပ်များတွင် အထိခိုက်လွယ်ဆုံး နိုင်ငံ ၃ နိုင်ငံအနက် တစ်နိုင်ငံဖြစ်သည်။

ခြင်း၊ ပင်လယ်ရေ မျက်နှာပြင်ရှိ အပူချိန် မြင့်တက်ခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဆားငန်ရေ ဝင်ရောက်ခြင်း၊ ကာလကြာမြင့်စွာ မိုးခေါင်ခြင်းနှင့် စိုက်ပျိုးရေးအပေါ် ရာသီဥတုပုံစံ အကူးအပြောင်းများ၏ အကျိုးသက်ရောက်မှုများ အပါအဝင် ရာသီဥတုပြောင်းလဲမှုများတွင်လည်း ထိခိုက်လွယ်မှု မြင့်မားနေသည်။ ရာသီဥတု ပြောင်းလဲမှု၏ အဆိုးကြုံနိုင်ခြေများကိုလျှော့ချရန်နှင့်အကျိုးသက်ရောက်မှုများကိုလျော့ပါးသက်သာစေရန်အတွက် နည်းပညာ၊ ဥပဒေနှင့် ဘဏ္ဍာရေးဆိုင်ရာစွမ်းရည်များကို ခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါသည်။

၁၇။ **ပဋိပက္ခများ** - မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုများသည် ပဋိပက္ခများနှင့် အပြန်အလှန် ချိတ်ဆက်နေကြောင်းကို ငြင်းဆန်၍မရပေ။ ပြည်တွင်းပဋိပက္ခများသည် ၁၉၄၈ ခုနှစ် တိုင်းပြည်လွတ်လပ်ရေး ရရှိချိန်မှစ၍ အဆက်မပြတ် ဖြစ်ပွားလျက်ရှိခဲ့သည်။ ပဋိပက္ခဖြစ်ပွားနေသည့် နယ်ပယ်များနှင့် ယင်းနယ်ပယ်များ၏ အနီးတစ်ဝိုက်ရှိ တိုင်းရင်းသားပြည်သူများသည် အခြေခံ ဝန်ဆောင်မှုများ သို့မဟုတ် ဈေးကွက်များသို့ လက်လှမ်းမီမှု အကန့်အသတ်ရှိပြီး ဖယ်ကျဉ်ခံထားရသည်ဟု ခံစားရကာ သမိုင်းကြောင်း အစဉ်အလာအားဖြင့် အစိုးရအပေါ် ယုံကြည်မှု နည်းပါး သို့မဟုတ် လုံးဝမရှိကြပေ။ နယ်ပယ်များစွာတွင် လုပ်ထုံးလုပ်နည်းအရ အစိုးရမှ ပေးရမည့် ဝန်ဆောင်မှုများအား အစိုးရမဟုတ်သည့် လူပုဂ္ဂိုလ်များမှ ဖော်ဆောင်ပေးကြသည်။ ဘာသာရေး၊ လူမျိုးရေး သို့မဟုတ် သယံဇာတများ လက်လှမ်းမီမှုတို့အပေါ် အခြေခံသည့် လူမျိုးရေး တင်းမာမှုများနှင့် ပဋိပက္ခများသည် မြင့်တက်လာခဲ့သည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုရရှိရေးနှင့် လူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရေးသည် တိုင်းရင်းသားများ နေထိုင်သည့် နယ်ပယ်များ တွင် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အလွန်အရေးပါသော်လည်း ယင်းသို့ ဖြစ်လာရန်မှာ နှစ်ပေါင်း များစွာ ကြာမြင့်မည်ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ADB အနေဖြင့် ADB ၏ စီမံကိန်းများတွင် ပဋိပက္ခဆိုင်ရာ အခြေအနေများကို ထည့်သွင်းတွက်ချက်ထားသည့် အခြေခံမှုများ ပါဝင်ကြောင်းနှင့် အားလုံးပါဝင်ရေးကို အာရုံစူးစိုက်ကြောင်း သေချာစေရန် သိသာသည့် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

# ၃။ နိုင်ငံတော်အဆင့် ဗျူဟာဆိုင်ရာ မူဘောင်

## က။ ယခင်ဗျူဟာမှ ရရှိသည့် သင်ခန်းစာများ

၁၈။ **နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ယာယီမူဘောင်** - CPS ကို ရေးဆွဲခဲ့ရာတွင် (၂၀၁၆ ခုနှစ် အထိသို့ သက်တမ်းတိုးခဲ့သည့်) မြန်မာနိုင်ငံအတွက် ယာယီ CPS ၂၀၁၂-၂၀၁၄ မှ ရရှိခဲ့သည့် သင်ခန်းစာများကို အခြေခံထားသည်။ ယာယီ CPS သည် ADB ၏ မြန်မာနိုင်ငံနှင့် ပြန်လည်ထိတွေ့ဆက်ဆံမှုကို တဖြည်းဖြည်း ပြန်လည်စတင်ရာတွင် မူဘောင်တစ်ခုကို ထောက်ပံ့ပေးခဲ့သည်။ ယာယီ CPS သည် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း၊ ပြောင်းလဲတိုးတက်သည့် စီးပွားရေး ဝန်းကျင်တစ်ခုကို အားပေးခြင်း နှင့် လက်လှမ်းမီမှုနှင့် ဆက်သွယ်ရေးတို့တွင် အာရုံစူးစိုက်သည်။ ယာယီ CPS အား အကောင်အထည်ဖော် ဆောင်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့သည်ဟု ယူဆပါသည်။ [8]

၁၉။ **သင်ခန်းစာများ -** ယာယီ CPS မှ ရရှိသည့် အဓိကသင်ခန်းစာများတွင် အောက်ပါတို့ပါဝင်သည်။ (၁) ပြန်လည်ထိတွေ့ဆက်ဆံသည့် အစောပိုင်း အဆင့်များတွင် အသိပညာဆိုင်ရာ ဝန်ဆောင်မှုများနှင့် မိတ်ဖက် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ခိုင်ခိုင်မာမာ အလေးပေးဆောင်ရွက်သင့်သည်။ (၂) ကျယ်ပြန့်သည့် ဗျူဟာမြောက် ပဏာမ ချဉ်းကပ်မှုနည်းလမ်းသည် ADB ၏ နှိုင်းယှဉ် အားသာချက်များရှိသည့် နယ်ပယ်များကို သတ်မှတ် ဖော်ထုတ်ရာတွင် ထောက်ခံမှုများ ရရှိခဲ့သည်။ (၃) အချို့နယ်ပယ်များတွင် မိတ်ဖက်အဖွဲ့အစည်း များမှ ပြင်ပ အထောက်အပံ့များပေးနေပြီး ADB ၏ အရင်းအမြစ်များသည် အကန့်အသတ်ရှိသည့်အတွက် အာရုံစူးစိုက်သည့် နယ်ပယ်ကို တိုးချဲ့ရန် လက်ရှိလုပ်ဆောင်နေမှုများသည် အရေးကြီးပါသည်။ (၄) လုပ်ငန်းများ ဆောင်ရွက်ရာ တွင် ပထဝီအနေအထားအရ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပဋိပက္ခဆိုင်ရာ အခြေအနေများကို ထည့်သွင်းစဉ်းစား ခြင်း၊ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံခြင်းကဲ့သို့သော အရေးကြီး ကိစ္စရပ်များအား စနစ်တကျ ဖြေရှင်းခြင်းဖြင့် သိသာသည့် အကျိုးကျေးဇူးများ ရရှိသည်။ (၅) ရေရှည်တည်တံ့သော စွမ်းရည် မြှင့် တင်ခြင်းသည် တဖြည်းဖြည်းချင်း ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယင်းသို့ဆောင်ရွက်ရာ တွင် ကဏ္ဍအလိုက် စီမံကိန်းတစ်ခုချင်းစီရှိ ချဉ်းကပ်မှုနည်းလမ်းများနှင့် နိုင်ငံတော်အဆင့် စနစ်များ ဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းများမှ အတွေ့အကြုံများကို ထည့်သွင်းအသုံးပြုသင့်သည်။ အဆိုပါ သင်ခန်းစာများကို အခြေခံ ကာ ယာယီ CPS ပြန်လည်သုံးသပ်မှုနှင့် အတည်ပြုမှုအရ အဆိုပြုထားသည့် CPS သည် - (၁) ကဏ္ဍအလိုက် အာရုံစူး စိုက်မှုကို ပိုမိုအလေးပေးရမည်။ (၂) ဦးစားပေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည် ချဉ်းကပ်မှုပုံစံ တစ်ခုကို ထည့်သွင်းစဉ်းစားရမည်။ (၃) စွမ်းရည် မြှင့်တင်ရေးအတွက် အထောက်အပံ့များကို ပိုမိုအဆင့်မြှင့်

---

[8] ADB၊ ၂၀၁၅ ခုနှစ်။ မြန်မာနိုင်ငံအတွက် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ယာယီဗျူဟာ၊ ၂၀၁၂-၂၀၁၄ ခုနှစ် - အပြီးသတ် သုံးသပ်ချက်။ မနီလာမြို့။ ADB၊ ၂၀၁၅ ခုနှစ်။ ခုနှစ်။ မြန်မာနိုင်ငံအတွက် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ယာယီဗျူဟာ၊ ၂၀၁၂-၂၀၁၄ ခုနှစ် - အပြီးသတ် သုံးသပ်ချက်အား အတည်ပြုခြင်း၊ မနီလာမြို့။

တင်ရမည်။ (၄) အခြေခံအဆောက်အဦ ဝန်ဆောင်မှုများအား ပုဂ္ဂလိကမှ ဖော်ဆောင်ခြင်းအတွက် အထောက်အပံ့များ ပိုမိုပေးအပ်ရမည်။ (၅) စကြံ့လမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစည်းထားသည့် ချဉ်းကပ်မှုနည်းလမ်းများကို အားပေးရမည်။ (၆) ADB ၏ ဦးစားပေးလုပ်ငန်းများတွင် ပါဝင်သည့် စီမံကိန်းများအား လက်ရှိဆောင်ရွက်နေသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ကြိုးပမ်းမှုများနှင့် ချိတ်ဆက်ချိန်ညှိရမည်။ (၇) စီမံကိန်း စက်ဝန်းတစ်လျှောက် ပဋိပက္ခဆိုင်ရာ အခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းနှင့် အကျိုးစီးပွားပတ်သက် ဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံ ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်။ (၆) အခြား ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေးအတွက် လုပ်ဆောင်ချက်များကို နစ်ဆပြန်လည် တိုးမြှင့်ရမည်။

၂၀။ **ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက် -** မြန်မာနိုင်ငံတွင် ADB ၏ ရင်းနှီးမြှုပ်နှံမှုများသည် အစောပိုင်းအဆင့်တွင် ရှိနေပြီး ပထမဆုံး ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့သည်။ ခြုံငုံ၍ဆိုရသော် အစိုးရ၏ လုပ်ထုံးလုပ်နည်းများသည် ရှုပ်ထွေး၊ ရှင်းလင်းမှုမရှိ သို့မဟုတ် မှတ်တမ်းတင်ထားမှု မရှိခြင်း၊ အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည် အကန့်အသတ်၊ နိုင်ငံတွင်းရှိ အတိုင်ပင်ခံများ၊ ကန်ထရိုက်တာများ၊ ပစ္စည်းပေးသွင်းသူများနှင့် ထုတ်လုပ်သူများအနေဖြင့် ADB ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား ရင်းနှီးကျွမ်းဝင်မှုမရှိခြင်းနှင့် ADB ၏ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းလည်ပတ်သည့် ပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိခြင်းတို့ကြောင့် စီမံကိန်းများနှင့် နည်းပညာအထောက်အပံ့ (TA) များ အကောင်အထည် ဖော်ရာတွင် အတော်အသင့် ကြန့်ကြာမှုများ ရှိခဲ့သည်။ ADB သည် ဦးတည်ချက်ဖြင့် စွမ်းရည် မြှင့်တင်ကာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေး အခက်အခဲများအား ဖြေရှင်းနိုင်ရေးအတွက် အစီအမံများကို ခိုင်မာအားကောင်းစေခဲ့သည်။ ထို့အပြင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် အဖြစ်များသော ပြဿနာများကို ဖြေရှင်းရန်အတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန် ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည့် နှစ်စဉ် နိုင်ငံတော်အဆင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်း ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ၊ ကမ္ဘာ့ဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ [9]

[9] အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရေးအတွက် ပူးပေါင်း လုပ်ငန်းအစီအစဉ်သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပစ္စည်းဝယ်ယူစုဆောင်းရေး၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စာရင်းစစ်ခြင်း၊ လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှုအစီအမံများ၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ် သုံးသပ် ခြင်းစသည့် နယ်ပယ်များတွင် အာရုံစူးစိုက်သည်။

## ခ။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဗျူဟာ

၂၁။ ၂၀၁၆ ခုနှစ် ဧပြီလတွင် အာဏာရရှိခဲ့သည့် အစိုးရသစ်သည် ယင်း၏ မူဝါဒဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို ထုတ်ပြန်ကြေညာခဲ့ပြီး ပိုမိုပြည့်စုံသည့် စီးပွားရေးနှင့် ကဏ္ဍဆိုင်ရာ ဗျူဟာများနှင့် အစီအစဉ်များကို ရေးဆွဲရန် ဆောင်ရွက်လျက်ရှိသည်။ [10] အစိုးရ၏ မူဝါဒများ ရေးဆွဲရာတွင် လမ်းညွှန်နိုင်ရန်အတွက် အဓိက ဦးစားပေးလုပ်ငန်းများတွင် (၁) အမျိုးသားပြန်လည်သင့်မြတ်ရေး (၂) ပြည်တွင်းငြိမ်းချမ်းရေး (၃) ဒီမိုကရေစီနည်းလမ်းတကျ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ပေါက်လာစေမည့် အခြေခံဥပဒေတစ်ရပ် ထွက်ပေါ်လာစေရေး (၄) ပြည်သူများ၏ ဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးတို့ ပါဝင်သည်။ စီးပွားရေး မျှော်မှန်းချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ သဘာဝသယံဇာတ များကို ထိန်းသိမ်းကာကွယ်ရေးနှင့် အလုပ်အကိုင်များဖန်တီးရေး စသည့် ရည်မှန်းချက်များ အပါအဝင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဖြစ်သည်။ စီးပွားရေး မူဝါဒဆိုင်ရာ ဦးစားပေး လုပ်ငန်းများတွင် ဘဏ္ဍာရေးဆိုင်ရာ ကြိုတင်ခန့်မှန်းတွက်ချက်မှုများ၊ အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော မြို့ပြများ ဖော်ဆောင်ရေး၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရေး၊ မြေယာ အဆောက်အဦဆိုင်ရာ အခွင့်အရေးများ ခိုင်မာအားကောင်းစေရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ အစည်းအရုံး၏ စီးပွားရေး အသိုက်အဝန်းတွင် ပါဝင်ယှဉ်ပြိုင်နိုင်မှု တိုးတက်စေရေးတို့ပါဝင်သည်။ အစိုးရသစ်သည် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ပညာရေး၊ စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မ ရေးရာနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ လျှော့ချရေး စသည့် အဓိကနယ်ပယ်များတွင် ဗျူဟာများနှင့် အစီအစဉ်များစွာ ရေးဆွဲထားသည်။ အစိုးရသစ်သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDG များ) ကို ဖော်ဆောင်ရန် ကတိကဝတ် ပြုထားပြီး အဓိက အညွှန်းကိန်းများ ရေးဆွဲရေး အတွက် အစီအစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။

၂၂။ အစိုးရသည် မြန်မာနိုင်ငံထံသို့ ပေးအပ်သည့် ဖွံ့ဖြိုးရေးအထောက်အပံ့များ၏ အပြန်အလှန် ချိတ်ဆက်မှုနှင့် ထိရောက်မှုတို့ကို ပိုမိုတိုးတက်စေရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ဖွံ့ဖြိုးမှု အကူအညီများညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့၏တာဝန်မှာ ဖွံ့ဖြိုးရေး အထောက်အပံ့များအတွက် ဦးစားပေးနယ်ပယ်များ ခွဲခြားသတ်မှတ်ရေး၊ ဖွံ့ဖြိုးရေး အထောက်အပံ့များအတွက်

---

[10] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ၂၀၁၅ ခုနှစ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ကြေညာစာ တမ်း။ နေပြည်တော်နှင့် ရန်ကုန်၊ မြန်မာနိုင်ငံတော်အစိုးရ။ ၂၀၁၆ ခုနှစ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ စီးပွား ရေးမူ ဝါဒ။ နေပြည်တော်။ သမ္မတမိန့်ခွန်းများ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် နှင့် အခြားအစိုးရအဖွဲ့ဝင်များ၏ မူဝါဒဆိုင်ရာမိန့်ခွန်း များနှင့် ထုတ်ပြန်ကြေညာချက်များ။

အမျိုးသားအဆင့် မူဝါဒတစ်ခု ရေးဆွဲရေး၊ ကဏ္ဍအဆင့်ညှိနှိုင်းဆောင်ရွက်ရေး ဖွဲ့စည်းပုံကို ပြန်လည်ချိန်ညှိရေး၊ ဖွံ့ဖြိုးရေး ချေးငွေများနှင့် TA စီမံကိန်း များအား ပြန်လည်သုံးသပ်ရေးနှင့် စီမံကိန်း ဖော်ဆောင်ရာတွင် အထောက်အပံ့ပေးရေးတို့ ဖြစ်သည်။

## ဂ။ ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ အခန်းကဏ္ဍ

၂၃။ ဖွံ့ဖြိုးရေးမိတ်ဖက်များသည် နိုင်ငံ၏ ဖြေလျှော့ပေးမှုများအပေါ် ပြည်ပပံ့ပိုးမှုများ အလျင်အမြန် တိုးမြှင့်ခြင်း၊ နိုင်ငံတော်အဆင့် ဗျူဟာအသစ်များ ရေးဆွဲခြင်း သို့မဟုတ် ပြန်လည်မွမ်းမံခြင်းနှင့် နိုင်ငံဆိုင်ရာ ရုံးအသစ်များ တည်ထောင်ကာ ဝန်ထမ်းအင်အားများစွာ တိုးမြှင့်ခန့်အပ်ခြင်းတို့ဖြင့် တုန့်ပြန်ခဲ့ကြသည်။ ADB သည် အစိုးရမှ ဦးဆောင်သည့် အကူအညီများ စီမံခန့်ခွဲရေး စနစ်အတွက် တက်ကြွစွာ ဆက်လက် ထောက်ပံ့ ပေးသွားမည်ဖြစ်ကာ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များ အဖွဲ့တွင် ပါဝင်၍ လျှပ်စစ်စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍလုပ်ငန်းအဖွဲ့များတွင် ပူးတွဲဦးဆောင်သည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အခြားကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များတွင်လည်း အဓိက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သွားမည် ဖြစ်သည်။ ADB သည် ပံ့ပိုးမှုများ အပြန်အလှန်ချိတ်ဆက်ရေး လုပ်ငန်းများ ခိုင်မာအားကောင်းစေခြင်းနှင့် ပံ့ပိုးမှုများ၏ ထိရောက်မှုကို တိုးမြှင့်နိုင်ရေးအတွက် အစီအမံများရေးဆွဲခြင်းတို့တွင် အစိုးရနှင့်ဖွံ့ဖြိုးရေး မိတ်ဖက်အသိုင်းအဝိုင်းများအား ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ CPS ကိုအခြားဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ညှိနှိုင်းကာပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ [11]

## ဃ။ ADB ၏ ဗျူဟာမြောက် ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့်၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများ

### ၁။ နိုင်ငံတော်အဆင့် ဗျူဟာ

၂၄။ **ဗျူဟာ** - CPS သည် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော စီးပွားရေး တိုးတက်မှု ရရှိစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အလုပ်အကိုင်များ ဖန်တီးရေးတို့တွင် အစိုးရအား အထောက်အပံ့ပေးသွားမည်ဖြစ်သည်။ ADB ၏ လုပ်ငန်းလည်ပတ်မှုများသည် ဗျူဟာမြောက် နယ်ပယ် ၃ ခုတွင် အာရုံစူးစိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတို့မှာ - (၁) မြန်မာနိုင်ငံ၏ အရေးကြီးသည့် အခြေခံအဆောက်အဦ ဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရန်၊ ကျေးလက်နှင့် မြို့ပြနယ်ပယ်များအား ဈေးကွက်များနှင့် ချိတ်ဆက်ရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအား အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ ဈေးကွက်တို့နှင့် ချိတ်ဆက်ရန် လက်လှမ်းမီမှုနှင့် ဆက်သွယ်ရေးတိုးချဲ့ခြင်း (၂) ကျွမ်းကျင်သည့် လုပ်သားထုတစ်ခု ပေါ်ပေါက်လာရေးကို အား

---

[11] ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများ ဇယား (နောက်ဆက်တွဲ ၃ ရှိ ဆက်စပ်စာရွက်စာတမ်းများစာရင်းတွင် ရရှိနိုင်သည်။)

ပေးရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာအားကောင်းစေခြင်း၊ အမျိုးသားများနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်များ ပိုမိုရရှိစေခြင်းနှင့် ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူများအား စီးပွားရေး တိုးတက်မှု၏ အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန် ဖော်ဆောင်ပေးခြင်း အပါအဝင် စီးပွားရေးတိုးတက်မှုတွင် အားလုံးပိုမိုပါဝင်လာစေခြင်းနှင့် (၃) ကျေးလက်နှင့် မြို့ပြ စီးပွားရေးစနစ်များ အသွင်ပြောင်းလဲရေးနှင့် ခေတ်မီတိုးတက်စေရေး၊ အများပြည်သူနှင့် ပုဂ္ဂလိက အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းစေရေး နှင့် ရည်ရွယ်ချက် ပြည့်ဝသည့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို မြှင့်တင်ရေးတို့အတွက် ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်း တို့ပါဝင်သည်။

**၂၅။ အာရုံစူးစိုက်မှု -** အခြေခံအဆောက်အဦ (ဓာတ်အားပေးပို့မှုနှင့် ဖြန့်ဖြူးမှု၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦ အဆင့်မြှင့်တင်မှုနှင့် မြို့ပြ အခြေခံအဆောက်အဦများ) ဖွံ့ဖြိုးတိုးတက်ရေးသည် ADB ၏ လုပ်ငန်းလည်ပတ်မှုများ၏ ဗဟိုချက်ဖြစ်လိမ့်မည်ဖြစ်သည်။ အားလုံးပါဝင်မှုကို တိုးမြှင့်ရန်အတွက် အခြေခံအဆောက်အဦဆိုင်ရာ အာရုံစူးစိုက်မှုအား ပညာရေးနှင့် သင်တန်းပို့ချခြင်း (အလယ်တန်းနှင့် အထက်တန်းပညာရေးနှင့် TVET) နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး (စိုက်ပျိုးရေးဆိုင်ရာ ဆည်ရေပေးခြင်းနှင့် စီးပွားရေး စကြံလမ်းများတစ်လျှောက်ရှိ တန်ဖိုးကွင်းဆက်များ) ကို ရေရှည် အထောက်အပံ့ပေးခြင်းဖြင့် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ အာရုံစူးစိုက်သည့် နယ်ပယ်များ သည် ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်များ၊ လျှပ်စစ်ဓာတ်အားနှင့် မြို့ပြ အခြေခံအဆောက်အဦများ အသုံးချနိုင်ရန် လိုအပ်နေသည့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် အရေးပါပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးစနစ်တစ်ခု တည်ဆောက်ရန်၊ ကျေးလက်ကဏ္ဍကို အသွင်ကူးပြောင်းရန်၊ ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုကို အထောက်အပံ့ပေးရန်၊ ကုန်ထုတ်လုပ်မှု မြှင့်တင်ရန်၊ အရည်အသွေးကောင်းမွန်သည့် အလုပ်အကိုင်များ ဖန်တီးရန်နှင့် နောက်ဆုံးအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ တိုးတက်စေရန်အတွက် ကျွမ်းကျင်သည့် လုပ်သားထုတစ်ရပ် ပေါ်ပေါက်လာစေရန် အရေးကြီးသည်။ CPS သည် ဒေသတွင်း၊ နိုင်ငံတွင်းနှင့် ဒေသန္တရအဆင့်များတွင် ဆက်သွယ်ရေးတိုးမြှင့်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးရန် ADB ၏ ဒေသခွဲပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းမှုများနှင့် ဆက်စပ်နေသည့် ဒေသဆိုင်ရာ အာရုံစူးစိုက်မှုတစ်ခုကို ပေါင်းစပ်ထည့်သွင်းမည်ဖြစ်သည်။ ADB သည် အသွင်ကူးပြောင်းရေး နည်းပညာများ၊ နိုင်ငံတကာ အကောင်းဆုံး အလေ့အထများဆိုင်ရာ ချဉ်းကပ်မှုများနှင့် လုပ်ငန်းစဉ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများ အပါအဝင် ယင်း၏ လုပ်ငန်းလည်ပတ်မှုများတွင် ဆန်းသစ်တီထွင်မှုကို တိုးမြှင့်ရန်အတွက် အခွင့်အလမ်းများ ရှာဖွေသွားမည်ဖြစ်သည်။ ဗျူဟာသည် မြန်မာနိုင်ငံ၏ လွန်စွာရှုပ်ထွေးပြီး အလျင်အမြန် ပြောင်းလဲနေသည့် ဖွံ့ဖြိုးရေး အကြောင်းအရာများတွင် ပေါ်ပေါက်လာနေသည့် လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများအား တုန့်ပြန်နိုင်ရန် အတိုင်းအတာတစ်ခုအထိ ပြောင်းလွယ် ပြင်လွယ်ရှိသည်။

၂၆။ **အားလုံးပါဝင်ရေးနှင့် ရေရှည်တည်တံ့မှု -** ADB သည် အောက်ပါနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ နှင့် အသိပညာဆိုင်ရာ အထောက်အပံ့များ ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် အထောက်အပံ့ပေးမည်ဖြစ်သည်။ (အောက်ခြေမှတ်ချက် ၅) (၁) စီးပွားရေး အခွင့်အလမ်းများနှင့် အခြေခံ ဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှုကို မြှင့်တင်ပေးသည့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား ပေးပို့ရေးနှင့် ဖြန့်ဖြူးရေးနှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး (၂) လူ့စွမ်းအား အရင်းအမြစ်များ မြှင့်တင်ပေးပြီး အထူးသဖြင့် ချို့တဲ့သည့် အုပ်စုများအတွက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိစေသည့် ပညာရေးနှင့် သင်တန်းပို့ချခြင်း (၃) ရုတ်တရက် ထိခိုက်မှုများ ဖြစ်ပွားသည့် ထိခိုက်လွယ်မှုကို လျှော့ချရန်နှင့် ပြည်သူများအားအလွန်အမင်းဆိုးရွားမှုများဖြစ်ပွားစေနိုင်သည့် အဆိုးကြုံနိုင်ခြေများကို လျှော့ချရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အဆိုးကြုံနိုင်ခြေ လျှော့ချရေးတို့ဖြစ်ပါသည်။ လူဦးရေ၏ အများစုနှင့် ဆင်းရဲနွမ်းပါးသူများသည် ကျေးလက်ဒေသတွင် နေထိုင်သောကြောင့် ADB သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အမျိုးအစားစုံလင်စေခြင်း၊ စိုက်ပျိုးမြေအတွင်းနှင့် စိုက်ပျိုးမြေပြင်ပ နှစ်ခုစလုံးတွင် ထုတ်လုပ်မှုများ အဆင့်မြှင့်တင်ခြင်းအတွက် အထောက်အပံ့များပေးရေးတို့ကို အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မောင်းနှင်သည့်အရာများအဖြစ် ဦးစားပေးလုပ်ဆောင်မည် ဖြစ်သည်။ ADB သည် အစိုးရအား SDG များ အထမြောက် အောင်မြင်နိုင်ရေးတွင် ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အခြေအနေအကြောင်းအရာကို ထည့်သွင်းစဉ်းစားထားသည့် ချဉ်းကပ်မှုနည်းလမ်းတစ်ခုမှတစ်ဆင့် အဓိက အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့ကို မြှင့်တင်ပြီး ADB ၏ လုပ်ငန်းလည်ပတ်မှုများတွင် ကျား/မ မျှတမှုကို ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်သည်။

၂၇။ **ချိန်ကိုက်မှု -** ဗျူဟာသည် အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများ၊ မူဝါဒများနှင့် ချိန်သားကိုက်ပြီး ADB ၏ မူဝါဒများ၊ ဗျူဟာများ[12]နှင့် တစ်ညီတစ်ညွတ်တည်းဖြစ်ကာ အစိုးရ၊ အခြားဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းများနှင့် အခြား အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေး တိုင်ပင်မှုများကို အခြေခံထားသည်။ ဗျူဟာအား ရေးဆွဲရာတွင် ယခင်က ရရှိခဲ့သည့် စီးပွားရေးနှင့် ကဏ္ဍဆိုင်ရာ အသိပညာများ၊ တည်ထောင်ခဲ့သည့် ကွန်ရက်များနှင့် မိတ်ဖက်လုပ်ငန်းများကို အခြေခံထားပြီး အဓိက အထောက်အပံ့ နယ်ပယ်များတွင် ယင်းတို့ကို ပိုမိုခိုင်မာစေရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ ဗျူဟာတွင် ဒေသန္တရ အခြေအနေများကို ဂရုတစိုက် အလေးပေးထည့်သွင်းထားပြီး ADB ၏ လုပ်ငန်းလည်ပတ်မှုများ အားလုံးတွင် အခြေအနေအကြောင်းအရာများ ထည့်သွင်းစဉ်းစားမှု စိစစ်လေ့လာချက်နှင့် အစီအမံများ ဆောင်ရွက်ရန် သတ်မှတ်ထားသည်။

---

[12] ADB၊ ၂၀၀၈ ခုနှစ်။ ဗျူဟာ ၂၀၂၀ - အာရှဖွံ့ဖြိုးရေးဘဏ်၏ ရေရှည်ဗျူဟာမြောက် မူဘောင်၊ ၂၀၀၈-၂၀၂၀။ မနီလာမြို့။ ဗျူဟာ ၂၀၂၀ အတွက် အလယ်အလတ်ကာလ ပြန်လည်သုံးသပ်ချက် - အသွင်ကူးပြောင်းလျက်ရှိသည့် အာရှနှင့် ပစိဖိတ် ဒေသရှိ စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းခြင်း။ မနီလာမြို့။

## ၂။ ဦးစားပေးကဏ္ဍများ

၂၈။ **အခြေခံအဆောက်အဦ -** ADB သည် မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် မြို့ပြ နယ်ပယ်များတွင် အခြေခံအဆောက်အဦများ လိုအပ်နေမှုကို ဖြေရှင်းရန်အတွက် ဦးစားပေး ထောက်ပံ့သွားမည်ဖြစ်သည်။ ယင်းအတွက် ADB သည် မြန်မာနိုင်ငံအတွက် နိုင်ငံဆိုင်ရာ အများဆုံး ငွေကြေးသတ်မှတ်ချက်အတွင်းမှ အနည်းဆုံး ၈၀% ကို ခွဲဝေအသုံးချသွားမည်ဖြစ်သည်။ ထိရောက်မှုနှင့် အားလုံးပါဝင်နိုင်မှုတို့ကို သေချာစေရန်အတွက် ADB သည် အမျိုးသမီးများ နှင့် အမျိုးသားများအတွက် မျှတသည့် လက်လှမ်းမီမှုနှင့် အကျိုးကျေးဇူးများ ရရှိရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်လုပ်ငန်းများ၊ အင်စတီကျူးရှင်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဖြစ်နိုင်သည့် နေရာများတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ရေး၊ စီမံကိန်း ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (ပစ္စည်းဝယ်ယူရယူရေး၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဘေးကင်းလုံခြုံရေး အစီအမံများ)၊ နှင့် လုပ်ငန်းလည်ပတ်မှုနှင့် ထိန်းသိမ်းမှု အပါအဝင် ဆောက်လုပ်ရေး လုပ်ငန်းများမှ ဒေသတွင်းရှိ လူထုအတွင်းရှိ အမျိုးသားများနှင့် အမျိုးသမီးများ အားလုံးအတွက် ဝင်ငွေရရှိမှု အခွင့်အလမ်းများ မြှင့်တင်ခြင်းတို့အတွက် ADB ၏ အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများ၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုတို့ကို ဂရုတစိုက် အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။ သက်ဆိုင်ရာ နည်းပညာသစ်များနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးခြင်းဖြင့် လျင်မြန်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်သည်။

(၁) **သယ်ယူပို့ဆောင်ရေး -** ADB သည် ဈေးကွက်များသို့ လက်လှမ်းမီမှုနှင့် အချိတ်အဆက်တို့ကို မြှင့်တင်ရန်နှင့် ဆင်းရဲနွမ်းပါးသူများနှင့် ကျေးလက်ဒေသနေ ပြည်သူလူထုအတွက် ဝန်ဆောင်မှုများ ရရှိစေရန် ကျေးလက်-မြို့ပြနှင့် ဒေသတွင်း သယ်ယူပို့ဆောင်ရေး ကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကူအညီများ ပေးအပ်သွားမည်ဖြစ်သည်။ ADB ၏ လုပ်ငန်းများသည် ဒေသတွင်း နှင့် နိုင်ငံတွင်း သယ်ယူပို့ဆောင်ရေး စင်္ကြံလမ်းများအား ခေတ်မီတိုးတက်စေခြင်း သို့မဟုတ် တည်ဆောက်ခြင်းနှင့် ကျေးလက်ဒေသ လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကို သိသိသာသာ လျော့ကျစေမည်ဖြစ်သည်။ ပံ့ပိုးမှုများအား အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့်တကွ လက်ရှိလုပ်ဆောင်နေဆဲဖြစ်သည့် ပြုပြင်ပြောင်းလဲရေး ပဏာမ လုပ်ငန်းများနှင့် ချိန်ကိုက်သွားမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေး ကဏ္ဍကို ခေတ်မီတိုးတက်စေရန်နှင့် ထိရောက်မှု ပိုမိုတိုးတက်စေရန်အတွက် ADB ၏ လက်ရှိ အထောက်အပံ့များကို အခြေခံ သွားမည်ဖြစ်သည်။ ADB သည် ကနဦးပိုင်းတွင် ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံတို့ကို ချိတ်ဆက်ပေးသည့် အရှေ့-အနောက် စင်္ကြံလမ်းမကြီး ပိုမိုတိုးတက်စေရေးတွင် အာရုံစူးစိုက် သွားမည်ဖြစ်ပြီး ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး အဆင့်မြှင့်တင်ရန်လည်း အာရုံစူးစိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အင်စတီကျူးရှင်းများ ပြန်လည်ဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများ

ရှာဖွေခြင်းနှင့် ဖြစ်နိုင်ပါက ကျေးလက်နေ ပြည်သူလူထုထံ လမ်းကွန်ရက်များ၏ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများ ပိုမိုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းအပါအဝင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းရည်မြှင့်တင်ရေးတို့ကို အထောက်အပံ့ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများအား ဖြည့်စွက်ဆောင်ရွက်သွားမည် ဖြစ်သည်။

(၂) **စွမ်းအင်** - ADB သည် အစိုးရ၏ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိစေရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးရန်အတွက် လျှပ်စစ်ဓာတ်အားပေးပို့ရေးနှင့် ဖြန့်ဖြူးရေး (အစိုးရဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများ) နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး (အစိုးရမဟုတ်သည့် လုပ်ငန်းလည်ပတ်မှုများ)တို့ကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာကဏ္ဍတို့မှ အရင်းအမြစ်များကို အသုံးပြုကာ စိတ်ချယုံကြည်ရပြီး ကုန်ကျစရိတ် သက်သာစွာ လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်မည့် စီးပွားဖြစ်လည်ပတ်သော လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ADB သည် အထောက်အပံ့များ ပေးအပ်ရာတွင် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ အစီအစဉ်များနှင့် မူဝါဒများအပါအဝင် အစိုးရ၏ ဦးစားပေး လုပ်ငန်းများနှင့် နီးကပ်စွာချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး အတွက် အခြား ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ ဆောင်ရွက်နေဆဲ လုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ စိတ်ဝင်စားခြင်းများပြားမှုတို့ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ADB ၏ အစိုးရဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများတွင် လျှပ်စစ်ဓာတ်အား ပေးပို့ရေးနှင့် ဖြန့်ဖြူးရေး ကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည် ချဉ်းကပ်မှုနည်းလမ်းတစ်ခုကို အလေးပေးဆောင်ရွက် သွားမည်ဖြစ်သည်။ ဒေသတွင်း လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုတွင် လက်တလော ဖွံ့ဖြိုးတိုးတက်မှုများအရ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားပေးလိုင်းများ သွယ်တန်းရန် စဉ်းစားနိုင်သည်။ ADB ၏ အစိုးရနှင့် မဆိုင်သည့် လုပ်ငန်းလည်ပတ်မှုများတွင် သန့်ရှင်းသော စွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အခွင့်အလမ်းများကို ကြိုတင်ဖော်ဆောင်သွားမည်ဖြစ်သည်။ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ စွမ်းရည်မြှင့်တင်ခြင်း၊ အများပြည်သူ-ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်းများ (PPP များ) အတွက် အထောက်အပံ့များနှင့် ဒေသတွင်း ပေါင်းစည်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

(၃) **မြို့ပြ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** - ADB သည် အခြေခံ ဝန်ဆောင်မှုများ ပေးခြင်း၊ ပြည်သူလူထု၏ ကျန်းမာရေး တိုးတက်ကောင်းမွန်စေခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်းတို့အတွက် မြို့ပြများ ထွန်းကားလာရေးကို ဆောင်ရွက်ရာတွင် မရှိမဖြစ် လိုအပ်သည့် (ရေရရှိမှု၊ မိလ္လာရေး၊ စွန့်ပစ်အစိုင်အခဲ၊ မြို့ပြ ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့် မြို့ပြသယ်ယူပို့ဆောင်ရေး အပါအဝင်) မြို့ပြ အခြေခံ အဆောက်အဦများနှင့် ဝန်ဆောင်မှုများ ပြန်လည်ပြင်ဆင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အထောက်အပံ့များ ပေးအပ်သွားမည်

ဖြစ်သည်။ ရေရှည်တည်တံ့မှု နှင့် ဝန်ဆောင်မှု အရည်အသွေးတို့ကို မြှင့်တင်ရန်အတွက် စည်ပင်သာယာ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် မြို့ပြ ဝန်ဆောင်မှု လုပ်ငန်းများ ခိုင်မာအားကောင်းစေရန် လိုအပ်သည်။ နယ်ပယ်အလိုက် အစီအစဉ် ရေးဆွဲခြင်းနှင့် မြို့ပြ စီမံခန့်ခွဲရေးသည် စီးပွားရေး တိုးတက်မှုအတွက် တွန်းအားတစ်ရပ်အနေဖြင့် မြို့ပြ တည်ဆောက်ရာတွင် အဆင်ပြေချောမွေ့စေရန် ADB ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် အရေးပါ သည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်လိမ့်မည်ဖြစ်သည်။ ADB သည် မြို့ပြများအား စီးပွားရေး လုပ်ငန်းများ၏ ဆုံချက်များအဖြစ် ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အရောင်းအဝယ်နှင့် ကုန်သွယ်မှုလုပ်ငန်းများ၏ စီးပွားရေး အကျိုးကျေးဇူးများကို အမြင့်ဆုံးရရှိစေရန် ရန်ကုန်မြို့အပါအဝင် ရွေးချယ်ထားသည့် သယ်ယူပို့ဆောင် ရေး စင်္ကြံလမ်းများ တစ်လျှောက်ရှိ ဗျူဟာမြောက် မြို့ပြ တည်နေရာများတွင် အလေးပေး ထောက်ပံ့ သွားမည်ဖြစ်သည်။

၂၉။ **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး -** ADB သည် ဆည်ရေပေးခြင်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပိုင်ဆိုင်မှုများ စီမံခန့်ခွဲခြင်းကို ခေတ်မီတိုးတက်စေရန်နှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ အဓိကပါဝင်ပြီး အမျိုးသမီးများ အဓိက အကျိုးကျေးဇူးရရှိနိုင်မည့် ရွေးချယ်ထားသော စီးပွားရေး စင်္ကြံလမ်းများတစ်လျှောက် စီးပွားဖြစ် စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်များ မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ကျေးလက်ဒေသနေ ပြည်သူလူထုအတွက် လက်လှမ်းမီမှုနှင့် အခွင့်အလမ်းများ ဖန်တီးခြင်း၊ ဖွဲ့စည်းပုံ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ခြင်းတို့ကို ဖော်ဆောင်ရန် ADB သည် အခြား အဓိက ကဏ္ဍများ (အခြေခံအဆောက်အဦ၊ ပညာရေးနှင့် သင်တန်းပို့ချခြင်း) ရှိ ယင်း၏ ရင်းနှီးမြှုပ်နှံမှုများအား ဖြစ်နိုင်ပါက ကျေးလက်ဒေသ နယ်ပယ်များတွင် အာရုံ စူးစိုက်ဆောင်ရွက်ရန် ဂရုတစိုက် ချိန်ကိုက်သွားမည်ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထု နှင့် မြို့ပြ ဖွံ့ဖြိုးရေး ဗဟိုချက်များကြားရှိ အခြေခံအဆောက်အဦနှင့် ဆက်သွယ်ရေးကို တိုးမြှင့်ခြင်းသည် ဈေးကွက်များ နှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုကို တိုးတက်စေမည်ဖြစ်သည်။ ADB သည် မြေယာများ ပျက်စီးခြင်းကို လျှော့ချရန်၊ စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုနှုန်း မြှင့်တင်ရန်နှင့် ဇီဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းရန် အတွက် နိုင်ငံတကာ ရာသီဥတု ပြောင်းလဲမှုနှင့် အစားအစာ လုံလောက်မှုဆိုင်ရာ ငွေကြေးပံ့ပိုးမှုများအား မြှင့်တင်ရန် ရည်ရွယ်ထားသည်။ ကျေးလက်ဒေသ၏ ငွေကြေးဆိုင်ရာ လက်လှမ်းမီမှု (အထူးသဖြင့် အသေးစားငွေချေးလုပ်ငန်းများ၊ အသေးစား စွန့်ဦးတီထွင်သည့် လုပ်ငန်းရှင်များနှင့် အမျိုးသမီး များအတွက် ငွေကြေးဆိုင်ရာ အားလုံးပါဝင်ရေး)၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်း လဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေခြင်း၊ သဘာဝဘေးကျရောက်နိုင်ခြေ စီမံခန့်ခွဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် ကျေးလက်ဒေသများရှိ အဓိက အခြေခံအဆောက်အဦ၊ ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးသက်ရောက်မှုကို အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

၃၀။ **ပညာရေးနှင့် သင်တန်းပို့ချခြင်းများ** - ADB သည် အမျိုးသမီးများအတွက် လစာကောင်းမွန်သည့် ခေတ်မီကဏ္ဍ အလုပ်အကိုင်များ ပိုမိုရရှိစေရေး အပါအဝင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးစနစ် တည်ဆောက်ရေးနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြိုတင်ဆောင်ရွက်ချက်အနေဖြင့် လူငယ် အမျိုးသမီးများနှင့် အမျိုးသားများအား လုပ်ငန်းခွင်အတွက် ပြင်ဆင်ပေးရာတွင် အလယ်တန်းနှင့် အထက်တန်း ပညာရေးကဏ္ဍခွဲ (SES) နှင့် TVET တို့၏ အခန်းကဏ္ဍကို အဆင့်မြှင့်တင်ရန် အစိုးရ၏ ကြိုးပမ်း ဆောင်ရွက်မှု များအား ဆက်လက် အကူအညီပေးသွားမည်ဖြစ်သည်။ အထူးသဖြင့် ADB သည် ပေါ်ပေါက်လာနေသည့် လုပ်သားထု လိုအပ်ချက်များအား ပူးပေါင်းဖြည့်ဆည်းပေးနိုင်ရေးအတွက် SES နှင့် TVET တို့အား ပြန်လည် ချိတ်ဆက်ချိန်ကိုက်ရန် ပေါင်းစည်းညီညွတ်သည့် ပြုပြင်ပြောင်းလဲမှုများအား အထောက်အပံ့ပေးရန် အာရုံ စူးစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကျား/မ ရေးရာ အကြောင်းအရာများ ပါဝင်မှု ကို သေချာစေပြီး အမျိုးသားများနှင့်အမျိုးသမီးများအတွက် သင်ကြားရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ အကျိုးရလဒ် များ ပိုမိုတိုးတက်ကောင်းမွန်စေရေးကို ရည်ရွယ်သည့် SES သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုများ အကောင် အထည်ဖော်ရာတွင် ထောက်ပံ့ပေးခြင်း ပါဝင်သည်။ ADB သည် အစဉ်အလာ အားဖြင့် အမျိုးသားများသာ လွှမ်းမိုးထားသည့် အလုပ်အကိုင်များတွင် အမျိုးသမီးများ ပိုမိုဝင်ရောက် လုပ်ကိုင်နိုင်စေရေးကို အားပေး မြှင့်တင် ခြင်း အပါအဝင် ချို့တဲ့သည့် လူငယ်များနှင့် ကျွမ်းကျင်မှုမရှိသည့် လုပ်သားများအတွက် ရည်ရွယ်သည့် ကျွမ်း ကျင်မှုကို အခြေခံသော TVET အစီအစဉ်သစ်များ တိုးချဲ့ခြင်းကိုလည်း အထောက်အပံ့ပေးသွားမည် ဖြစ်သည်။

## ၃။ ဦးစားပေး အကြောင်းအရာများ

၃၁။ အသွင်ကူးပြောင်းရေး ဖြစ်စဉ်ကို အရှိန်အဟုန် မြှင့်တင်ရန်နှင့် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပေးရန် ADB ၏ မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်များအား အောက်ပါ အကြောင်းအရာများမှ လမ်းညွှန်ပေးသွားမည်ဖြစ်သည်။

(၁) **စွမ်းရည် ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေး** - ADB သည် အစိုးရ၏ ဝန်ဆောင်မှုများ ပေးအပ်ရေး နှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အထောက်အပံ့များ၏ ထိရောက်မှုတို့ကို ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အရေးပါ သည့် အများပြည်သူဆိုင်ရာ ကဏ္ဍစွမ်းရည်နှင့် အင်စတီကျူးရှင်းဆိုင်ရာ ဖွဲ့စည်းပုံများ ခိုင်မာအား ကောင်းစေရန် အကူအညီပေးသွားမည် ဖြစ်သည်။ ယာယီ CPS အတွင်း အာရုံစူးစိုက်လုပ်ဆောင်ခဲ့သည့် စီမံကိန်း တစ်ခုချင်း စီအလိုက် လုပ်ငန်းများအား ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများနှင့် အစိုးရ၏ ပေါ်ပေါက်လာသည့် လိုအပ်ချက် များမှ ရရှိသည့် အင်စတီ ကျူးရှင်းဆိုင်ရာ ဖွဲ့စည်းပုံများ၊ စနစ်များနှင့် ချိတ်ဆက်ချိန်ညှိမှုများ လုပ်ဆောင်ရန် စွမ်း ရည်ဖွံ့ဖြိုးရေးအတွက် စုစည်းထားသည့် ချဉ်းကပ်မှုတစ်ခုကို ဖော်ဆောင်သွားမည်ဖြစ်သည်။ ပိုမိုကောင်း မွန်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖော်ဆောင်သည့် နည်း လမ်းများနှင့် ချဉ်းကပ်ပုံများအား အဆင့်မြှင့်တင်ခြင်းဖြင့် စွမ်းရည်မြှင့်တင်ရေး ပဏာမလုပ်ငန်းများအား

ပိုမိုတိုးတက် စေမည် ဖြစ်သည်။ CPS အောက်တွင် ဖော်ဆောင်မည့် ဦးစားပေးကဏ္ဍများအတွက် ရေရှည် ချဉ်းကပ်မှု နည်းလမ်းသည် အလားတူ လုပ်ငန်းများဆောင်ရွက်နေသည့် အစိုးရ ဌာနများ၏ စွမ်းရည်ကို မြှင့်တင်ရာတွင်အထောက်အကူပြုမည်ဖြစ်သည်။ ADB ၏ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှုများတွင် အင်စတီကျူးရှင်း ဆိုင်ရာ ခိုင်မာအားကောင်းစေခြင်း၊ ကဏ္ဍဆိုင်ရာ အစီအစဉ်ရေးဆွဲ ခြင်းနှင့် မူဝါဒရေးဆွဲခြင်းအတွက် အာရုံစူးစိုက်မှုကို ထည့်သွင်းသွားမည်ဖြစ်သည်။ အဓိက ကဏ္ဍများရှိ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အုပ်ချုပ်ရေး မူဘောင်ကို ခိုင်မာ အားကောင်းစေပြီး ဒေသတွင်း စွမ်းရည်များကို ပိုမိုတိုးတက်စေမည် ဖြစ်သည်။ အထောက်အပံ့များသည် မျှော်မှန်းထားသည့် ရလဒ်များကို အချိန်မီ ဖော်ဆောင် ပေးနိုင်ကြောင်း သေချာစေရန်အတွက် ADB ၏ အစီအစဉ်များ ဖော်ဆောင်မှုကို အရှိန်အဟုန် မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်များအားလုံးတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဘေးကင်းလုံခြုံရေး အစီအမံများ ရေးဆွဲရေး၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု၊ ပစ္စည်းဝယ်ယူ စုဆောင်းမှုနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်မှု စွမ်းရည်များအား ခိုင်မာအားကောင်းစေရေးအတွက် လုပ်ငန်းများ ထပ်မံဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ADB သည် အမျိုးသားအဆင့် စာရင်းအင်းများနှင့် စိစစ်လေ့လာရေး စွမ်းရည်ကို ခိုင်မာ အားကောင်းစေခြင်း အပါအဝင် အထောက်အထား အခြေပြု ပြုပြင်ပြောင်းလဲမှုများနှင့် အစီ အစဉ်များ ရေးဆွဲခြင်းကို အထောက်အပံ့ပေးသွားမည်ဖြစ်သည်။ ADB သည် အသိပညာဆိုင်ရာ လုပ်ငန်းများ၊ ဝန်ထမ်းများ၏ တိုးတက်မှုနှင့် အခြေအနေအလိုက် အကြောင်းအရာများအား ထည့်သွင်းစဉ်းစားရာတွင် အာရုံစူးစိုက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိစီမံကိန်းများ ဖော်ဆောင်ရာတွင် ယင်း၏ ကိုယ်ပိုင်စွမ်းရည်များကိုလည်း ခိုင်မာအားကောင်းစေရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) **ပုဂ္ဂလိကကဏ္ဍ** - ADB သည် ပုဂ္ဂလိကကဏ္ဍအား ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များ ဖန်တီးရေးအတွက် ကိရိယာတစ်ခုအဖြစ် အသုံးချရန် အကူအညီများပေးမည်ဖြစ်သည်။ (မြန်မာ နိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကန့်သတ်ထားသည့် အဟန့်အတားများ ဖြစ်ကြသည့်) အခြေခံအဆောက်အဦနှင့် လူ့စွမ်းအား အရင်းအမြစ်များ ခိုင်မာအားကောင်းစေရေး အတွက် အထောက်အပံ့များ ပေးခြင်းအပြင် ADB သည် (၁) (အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးနှင့် ကော်ပိုရေးရှင်းဖွဲ့စည်းခြင်းတို့၏ အစိတ်အပိုင်းများအပါအဝင်) ရေရှည်တည်တံ့သော နိုင်ငံ့စီးပွားရေးနှင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေးအတွက် မူဝါဒ ပြုပြင်ပြောင်း လဲမှုများအား အထောက်အပံ့ပေးခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပေါ်မျှတမှုမရှိသည့် ဝန်ထုပ်ဝန်ပိုးများဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများကို အဆင်ပြေချော မွေ့စေရန် ပြန်လည်ပြင်ဆင်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ခြင်းတို့ဖြင့် စီးပွားရေးဝန်းကျင်ခိုင်မာအားကောင်းစေရေး (၂) ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား အထောက်အပံ့ပေးခြင်း၊

မိုဘိုင်းနှင့် ဒီဂျစ်တယ် ဘဏ္ဍာရေး နည်းပညာသစ်များ အသုံးချခြင်း၊ ကုန်သွယ်ရေးဆိုင်ရာ ဘဏ်လုပ်ငန်းများနှင့် သက်ဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းကို အထောက်အပံ့ပေးခြင်း၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လက်လှမ်းမီမှု တိုးမြှင့်ရေး (၃) ကောင်းမွန်သည့် မူဝါဒများ၊ ဥပဒေများနှင့် အင်စတီကျူးရှင်းများဆိုင်ရာ မူဘောင်တစ်ခုကို အခြေခံကာ အမျိုးသားအဆင့် အများပြည်သူ-ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်း အစီအစဉ်တစ်ခုစနစ်တကျတည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို အထောက်အပံ့ပေးခြင်းနှင့် ADB ၏ အဓိက ဦးစားပေးလုပ်ငန်း နယ်ပယ်များတွင် စွမ်းရည်မြှင့်တင်ခြင်းနှင့် စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပံ့ပိုးသည့် နည်းလမ်းများ ထည့်သွင်းခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ဘဏ္ဍာရေးကို မြှင့်တင်ခြင်းနှင့် (၄) ပုဂ္ဂလိက ကုမ္ပဏီများရှိ ရင်းနှီးမြှုပ်နှံမှုများ (အစိုးရ မဟုတ် သည့် လုပ်ငန်းလည်ပတ်မှုများ) [13] အား အရှိန်အဟုန်မြှင့်တင်ခြင်း၊ ဖွဲ့စည်းခြင်းနှင့် ငွေကြေး ပံ့ပိုးခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ ADB သည် အစိုးရနှင့် အစိုးရမဟုတ်သည့် လုပ်ငန်းလည်ပတ်မှုများကြားရှိ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို အမြင့်ဆုံးဖြစ်စေရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၃) **သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးကျရောက်နိုင်ခြေ စီမံခန့်ခွဲမှု -** ADB သည် အခြေခံအဆောက်အဦ စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့မှုတို့ကို မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ ဘေးကင်းလုံခြုံရေးအစီအမံများအတွက် နိုင်ငံတော်အဆင့်စနစ်များရေးဆွဲခြင်းနှင့် ခိုင်မာအားကောင်းစေခြင်း အပါအဝင် ယင်း၏ ကဏ္ဍဆိုင်ရာ စိစစ်လေ့လာခြင်း၊ အစီအစဉ် ရေးဆွဲခြင်းနှင့် စီမံကိန်း ပုံစံရေးဆွဲခြင်းတို့တွင် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေး ကျရောက်နိုင်ခြေ ထည့်သွင်းတွက်ချက်မှုများကို ပေါင်းစပ်ထည့်သွင်းမည်ဖြစ် သည်။ [14]ADB သည် အထူးသဖြင့် အခြေခံအဆောက်အဦ စီမံကိန်းများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြင်ဆင်ရေးနှင့် သဘာဝဘေးကျရောက်နိုင်ခြေ စီမံခန့်ခွဲမှုတို့ ပေါင်းစပ်ထည့်သွင်းခြင်းကို မြှင့်တင်မည်ဖြစ်ပြီး ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေလျော့ချရန် ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ဒေသန္တရ အဆင့်များရှိ အင်စတီကျူးရှင်းများနှင့် စွမ်းရည်များကို ခိုင်မာအားကောင်း

---

[13] ADB ၏ အစိုးရနှင့်မဆိုင်သည့် လုပ်ငန်းလည်ပတ်မှုများရှိ ဦးစားပေးကဏ္ဍများတွင် (၁) အခြေခံ အဆောက်အဦ (စွမ်း အင်နှင့် လျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ရေပေးဝေမှု၊ စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုး တက်မှု၊ ဆက်သွယ်ရေး၊ အများပြည်သူနှင့် ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်းများ (PPP များ) နှင့် မြို့ပြ နှင့် လူမှုရေး အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများ) နှင့် (၂) ဘဏ္ဍာရေး (ဘဏ်လုပ်ငန်း၊ ကုန်သွယ် ဘဏ္ဍာရေး၊ အခြား ဘဏ္ဍာရေး ဆိုင်ရာ ကြားဝင်ဖြေရှင်းဆောင်ရွက်မှုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ လက်လှမ်းမီမှု) တို့ပါဝင်သည်။

[14] သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဘေးကင်းလုံခြုံရေးအစီအမံ စွမ်းရည်များအား လူမှုရေးနှင့် သဘာဝ ပတ်ဝန်း ကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု သုံးသပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ရေးဆွဲ အကောင်အထည် ဖော်ဆောင်ရေးအတွက် ဦးတည်သတ်မှတ်ထားသည့် အထောက်အပံ့များမှ တစ်ဆင့် အမျိုးသားအဆင့်နှင့် စီမံကိန်းအဆင့် များတွင် ခိုင်မာအားကောင်းစေမည် ဖြစ်သည်။

စေမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေဆိုင်ရာ ငွေကြေးပံ့ပိုးခြင်းနှင့် ကြိုတင်ပြင်ဆင်မှု စနစ်များ အဆင့်မြှင့်တင်ခြင်းဖြင့် အခြား အဆိုးကြုံနိုင်ခြေများကို စီမံခန့်ခွဲသွားမည်ဖြစ်သည်။ ADB သည် ယင်း၏ အစီအစဉ်ကို မြန်မာနိုင်ငံအတွက် အမျိုးသားအဆင့် သတ်မှတ်ပြဋ္ဌာန်း ထားသည့် အထောက်အပံ့များနှင့် ချိန်ကိုက်မည်ဖြစ်ပြီး [15]ညှိနှိုင်းဆောင်ရွက်မှုများကို တိုးမြှင့်၍ ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားအဆင့်နှင့် ဒေသတွင်း အစီအစဉ်များကြားရှိ ချိတ်ဆက်မှုများကို ခိုင်မာအားကောင်းစေမည်ဖြစ်ကာ ရာသီဥတု ပြောင်းလဲမှု လျော့ပါးသက်သာစေခြင်းနှင့် လိုက်လျောညီထွေပြင်ဆင်ခြင်းကို အထောက်အပံ့ပေးရန် အတွက် အထူးသဖြင့် အခြေခံ အဆောက်အဦ စီမံကိန်းများနှင့် သဘာဝဘေး ကျရောက်နိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ငွေကြေးပံ့ပိုးမှုကို တိုးမြှင့် မည်ဖြစ်သည်။

(၄) **ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေး -** ADB သည် အဓိကအားဖြင့် ရွေးချယ်ထားသည့် စီးပွားရေးစင်္ကြံလမ်းများ ခိုင်မာအားကောင်းစေခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံအား အိမ်နီးချင်း နိုင်ငံများနှင့် ဆက်သွယ်ရေး တိုးမြှင့်ခြင်းဖြင့် ပထဝီအနေ အထားအရ ဗျူဟာမြောက် တည်နေရာတွင် ရှိနေခြင်း၏ အားသာချက်များကို အသုံးချနိုင်ရန် အကူအညီပေးမည်ဖြစ်သည်။ [16] ယင်းသည် ADB ၏လုပ်ငန်းလည်ပတ်မှုများတွင် ပထဝီအနေ အထားအရ အာရုံစူးစိုက်မှု တစ်ခု ထားရှိမည်ဖြစ်သည်။ ADB သည် မဟာမဲခေါင်ဒေသခွဲ (GMS) အတွင်းရှိ ယင်း၏ ဒေသတွင်း အစီအစဉ်များနှင့်တကွ အခြား ဒေသခွဲ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် မြန်မာနိုင်ငံအား (၁) မြို့ပြနှင့် သက်ဆိုင်ရာ အခြေခံ အဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ဘေးကင်းပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိသည့် အစားအစာထုတ်လုပ်မှုနှင့် ရောင်းချမှုတို့ အပါအဝင် အားလုံးပါဝင်သော တိုးတက်မှုကို မြှင့်တင်ရန် စီးပွားရေး စင်္ကြံလမ်းများ တစ်လျှောက်ရှိ တန်ဖိုးကွင်းဆက်များအား ခိုင်မာအား ကောင်းစေခြင်း [17](၂) အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရှိနေသည့် အဟန့်အတား များကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဒေသတွင်းရှိ ပြည်သူ့ ကျန်းမာရေး နှင့် အခြား ဒေသတွင်း အများပြည်သူဆိုင်ရာ ကုန်ပစ္စည်းများကို မြှင့်တင်ခြင်းနှင့် (၃) သယ်ယူပို့ဆောင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များ ဖန်တီးခြင်းတို့ဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများအား ချိတ်ဆက် ဆောင်ရွက်ပြီး ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် စီးပွားရေးနှင့် ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု တို့ကို

---

[15] မြန်မာနိုင်ငံတော်အစိုးရ။ ၂၀၁၅ ခုနှစ်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရည်ရွယ်သတ်မှတ်ထားသည့် အထောက်အပံ့ များ။ နေပြည်တော်။

[16] ကနဦးတွင် ထိုင်းနိုင်ငံရှိ မဲဆောက်မှတစ်ဆင့် ရန်ကုန် နှင့် ဘန်ကောက်တို့ကို ဆက်သွယ်ထားသည့် GMS အရှေ့- အနောက် စီးပွားရေးစင်္ကြံလမ်းနှင့် မန္တလေးမှတစ်ဆင့် အိန္ဒိယ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်သည့် GMS မြောက်ပိုင်း စင်္ကြံလမ်း။

[17] HIV/AIDS ၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများနှင့် ဆက်စပ်နေသည့် နယ်စပ်ဖြတ်ကျော် ပြဿနာများကို ဖြေရှင်း မည့် စီမံကိန်းများ အပါအဝင်။

အထောက်အပံ့ပေးခြင်းများဖြင့် အကူအညီများကို ပေးအပ်သွား မည်ဖြစ်သည်။ ADB သည် ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများကြားရှိပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် အခြား ADB အဖွဲ့ဝင်များကြားရှိ ပူးတွဲ မူဝါဒ ဖလှယ်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ကိုလည်း အထောက်အပံ့ပေးသွားမည် ဖြစ်သည်။

(၅) **ကျား/မဆိုင်ရာ မျှတမှု -** ADB သည် ကျား/မ ရေးရာ စိစစ်လေ့လာမှုများ ပြုလုပ်ခြင်း၊ အရေးကြီးသည့် မူဝါဒ ပြန်လည်သုံးသပ်မှုများ နှင့် အစီအစဉ်များ အားလုံးတွင် ကျား/မ ရေးရာ အမြင်များ ပေါင်းစပ်ထည့်သွင်းခြင်း၊ ကျား/မ ရေးရာ လုပ်ငန်းအစီအစဉ်များနှင့် ယင်းတို့အား အကောင်အထည်ဖော်ရန် အထောက်အပံ့များမှတစ်ဆင့် ဆီလျော်မှုရှိသည့် စီမံကိန်းများတွင် ကျား/မ ရေးရာအစိတ်အပိုင်းများထည့်သွင်းဖော်ပြခြင်းနှင့် အများပြည်သူဆိုင်ရာ အခြေခံအဆောက် အဦများ၊ ဝန်ဆောင်မှုများနှင့်တကွ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး နှင့် စွန့်ဦးတီထွင်မှု လုပ်ငန်းအခွင့်အလမ်းများအား အမျိုးသမီးများ လက်လှမ်းမီရေးကို တိုးမြှင့်ရန် ကြိုးပမ်းမှုများအား အထောက်အပံ့ပေးခြင်းဖြင့် ယင်း၏ လုပ်ငန်းလည်ပတ်မှုများတွင် ကျား/မ ဆိုင်ရာ မျှတမှုကို ပေါင်းစပ်ထည့်သွင်းသွားမည် ဖြစ်သည်။ ADB သည် ကျား/မ ခွဲခြားသတ်မှတ် ထားသည့် အချက်အလက်များနှင့် ကျား/မ ရေးရာ စာရင်းအင်းများ ရယူခြင်း၊ စိစစ်ခြင်း နှင့် အသုံးပြုခြင်း တို့ကိုလည်း ခိုင်မာအားကောင်းစေမည်ဖြစ်သည်။

၃၂။ **အကြောင်းအရာအလိုက် အခြေအနေများအား ထည့်သွင်းစဉ်းစားခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း -** ဖွံ့ဖြိုးတိုးတက်မှု၏ ထိရောက်မှုကို မြှင့်တင်ရန် ADB သည် (၁) CPS အကောင်အထည်ဖော်သည့် ရှုထောင့်များ အားလုံးတွင် အကြောင်းအရာအခြေအနေနှင့် ပဋိပက္ခဆိုင်ရာအခြေအနေများထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်မှုများ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် အကြောင်းအရာအလိုက် အခြေအနေများအား ထည့်သွင်းစဉ်းစားခြင်း၊ [18] (၂) ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် မိတ်ဖက်လုပ်ငန်းများအား ထိန်းသိမ်းထားခြင်းနှင့် ပိုမိုခိုင်မာအားကောင်းစေခြင်း၊ ဘုံအကျိုးစီးပွားရှိသည့် ဗျူဟာမြောက် လုပ်ငန်းလည်ပတ်ရေး ကိစ္စရပ်များတွင် အရပ်ဘက်အဖွဲ့အစည်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဒေသခံ ပြည်သူလူထုတို့နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်း၊ အနီးကပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အထောက်အပံ့များ ညှိနှိုင်းဆောင်ရွက်ရေးစနစ်များအား ကြိုတင်အထောက်အပံ့ပေးခြင်းဖြင့် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် မိတ်ဖက်လုပ်ငန်းများကို ယင်း၏ လုပ်ငန်းလည်ပတ်မှုများတွင် ပေါင်းစပ်ထည့်သွင်းမည်ဖြစ်သည်။

---

[18] အခြေခံ ချဉ်းကပ်မှုတွင် ADB ၏ လုပ်ငန်းလည်ပတ်မှုများတွင် အခြေအနေအကြောင်းအရာအလိုက် စိစစ်လေ့လာချက် များ နှင့် လုပ်ငန်းများကို ဆွေးနွေးထားပြီး ADB မှ ငွေကြေးပံ့ပိုးသည့် စီမံကိန်းများရှိ အဓိက အကျိုးစီးပွားပတ်သက် ဆက်နွယ်သူများအကြားတွင် အသိပညာ နှင့် စွမ်းရည်များမြှင့်တင်ပေးကာ ပဋိပက္ခဖြစ်ပွားနေသည့် နယ်ပယ်များတွင် လုပ်ငန်းဆောင်ရွက်နေသည့် ADB ဝန်ထမ်းများအတွက် ဘက်စုံပါဝင်သည့် သင်တန်းပို့ချမှုများနှင့် အရင်းအမြစ်များ ပေး ထားသည်။

### ငါ။ အသိပညာဆိုင်ရာ အထောက်အပံ့များအတွက် ဦးစားပေး လုပ်ငန်းများ

၃၃။ **အသိပညာဆိုင်ရာ ဖြေရှင်းချက်များ -** အသွင်ကူးပြောင်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လှုံ့ဆော်ရေးတွင် အစိုးရ၏ ကြိုးပမ်းမှုများကို အထောက်အပံ့ပေးရန်အတွက် သိသာသည့် အသိပညာဆိုင်ရာ ကွာဟချက်များအား ဖြေရှင်းရန်နှင့် အသိပညာဆိုင်ရာ ဖြေရှင်းချက်များ ထောက်ပံ့ပေးရန် CPS သည် ပုံမှန် ပြင်ဆင်မွမ်းမံမည် ဖြစ်သည့် အသိပညာဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (နောက်ဆက်တွဲ ၂) ကို အခြေခံထားသည်။ ADB သည် (၁) သမားရိုးကျမဟုတ်သည့် အထောက်အပံ့များမှ အရေးကြီးသည့် အသိပညာဆိုင်ရာ ထုတ်ကုန်များနှင့် စီမံကိန်း များမှတစ်ဆင့် ဆန်းသစ်တီထွင်မှုများ မိတ်ဆက်ခြင်းအထိ ပါဝင်သည့် မြန်မာနိုင်ငံ၏ အခြေအနေ အကြောင်း အရာအတွက် ချိန်ကိုက်ရေးဆွဲထားသည့် အသိပညာဆိုင်ရာ ဖြေရှင်းချက်များကို ဖေါ်ထုတ်ပြီး ထုတ်ပြန် ကြေညာမည်ဖြစ်သည်။ (၂) လုပ်ငန်းလည်ပတ်မှုများတွင် အသိပညာဆိုင်ရာ အကြောင်းအရာများ အသုံးပြုမှုကို မြှင့်တင်မည်ဖြစ်သည်။ (၃) ဒေသတွင်းနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများမှ အသိပညာများ ရယူအသုံးချ မည်ဖြစ်သည်။ (၄) နိုင်ငံ၏ လိုအပ်ချက်များကို တုန့်ပြန်နိုင်သည့် ပူးပေါင်းဆောင်ရွက်ရေး ချဉ်းကပ်မှု နည်းလမ်း တစ်ခုမှတစ်ဆင့် နှစ်စဉ် သတ်မှတ်ထားသည့် အသိပညာဆိုင်ရာ ထုတ်ကုန်များ ဖော်ဆောင်ပေးမည်ဖြစ်သည်။ ADB သည် ယင်း၏ လုပ်ငန်းလည်ပတ်မှုများနှင့် သက်ဆိုင်သည့် အသိပညာများအား အကျိုးစီးပွား ပတ်သက် ဆက်နွယ်သူများထံ ထုတ်ပြန်ခြင်းကိုလည်း ခိုင်မာအားကောင်းစေမည်ဖြစ်သည်။

## ၄။ ဗျူဟာ အကောင်အထည်ဖော်ခြင်း

### က။ အရင်းအမြစ်များအတွက် သတ်မှတ်ချက် အညွှန်းကိန်းများ

၃၄။ **အရင်းအမြစ်များ -** မြန်မာနိုင်ငံအတွက် ၂၀၁၇-၂၀၂၀ ခုနှစ်အတွက် အထူးရန်ပုံငွေများ အထူးခွဲဝေ ချထားရေးအတွက် သတ်မှတ်ချက်မှာ အမေရိကန်ဒေါ်လာ ၁.၄ ဘီလျံဖြစ်ပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် သတ်မှတ်ထားသည့် အထူးရန်ပုံငွေများမှ အမေရိကန်ဒေါ်လာ ၂၀၀ မီလျံ ထပ်မံ ရရှိရန် မျှော်မှန်းထားသည်။ နိုင်ငံအတွက် အပြီးသတ် ခွဲဝေချထားခြင်းသည် ရရှိနိုင်သည့် ကတိကဝတ် အခွင့်အာဏာ ပေါ်တွင် မူတည်မည်ဖြစ်သည်။ နှစ်စဉ် နည်းပညာ အထောက်အပံ့ဆိုင်ရာ အထူးရန်ပုံငွေ ခွဲဝေချထားပေး ခြင်းအား အမေရိကန်ဒေါ်လာ ၄ မီလျံ သတ်မှတ်ထားပြီး ADB သည် စီမံကိန်းအတွက် ခွဲဝေချထားမှုတွင် ပါဝင်မည့် စီမံကိန်း ပြင်ဆင်ရေး နှင့် အကောင်အထည်ဖော်ဆောင်ရေး အထောက်အပံ့များကို သတ်မှတ်ဖော် ထုတ်ပြီးသည်နှင့် စွမ်းရည်မြှင့်တင်ရေးတွင် အာရုံပိုမိုစူးစိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ADB သည် TA လုပ်ငန်းများကို အထောက်အပံ့ပေးရန်အတွက် ဒေသတွင်း အကြံပေးအဖွဲ့အစည်းများနှင့် အခြား ရန်ပုံငွေ အရင်းအမြစ်များကို ရှာဖွေသွားမည်ဖြစ်သည်။ လက်ရှိလုပ်ဆောင်နေသော မြင့်မားသည့် ကတိကဝတ် အဆင့် အတန်းများကို အခြေခံကာ ADB သည် အစိုးရနှင့်မဆိုင်သည့် (ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများအတွက်)

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖော်ဆောင်ရန် ကြိုတင်ပြင်ဆင်သွားမည် ဖြစ်သည်။ ADB သည် ပြည်တွင်း စီးပွားရေး အပါအဝင် အရင်းအမြစ်များ စီးဆင်းမှုမှ အားသာချက်များကို အသုံးချရေး နှင့် အထူးရန်ပုံငွေများနှင့် စီးပွားရေးဆိုင်ရာ ပူးတွဲငွေကြေးပံ့ပိုးမှုများမှတစ်ဆင့် ADB ၏ အရင်းအမြစ်များကို မြှင့်တင်ရန် အလေးပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

၃၅။ **ကုန်ကျစရိတ် မျှခံသည့် အစီအစဉ်များ -** အစိုးရနှင့် သတ်မှတ်ချုပ်ဆိုထားသည့် သဘောတူညီချက်များ အရ ချေးငွေနှင့် TA စီမံကိန်းများအတွက် နိုင်ငံဆိုင်ရာ ကုန်ကျစရိတ် မျှခံသည့် အများဆုံး ပမာဏသည် အပြောင်းအလဲမရှိပေ။ ချေးငွေ နှင့် TA စီမံကိန်းတစ်ခုချင်းစီတွင် စီမံကိန်းကုန်ကျစရိတ်၏ ၉၉% အထိကို ADB မှ ငွေကြေးပံ့ပိုးသွားမည်ဖြစ်သည်။

၃၆။ **ဝန်ထမ်းအင်အား အရင်းအမြစ်များ -** လုပ်ငန်းလည်ပတ်မှုများ တိုးချဲ့ခြင်း၊ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရေးကို ADB ဌာနေ ကိုယ်စားလှယ်ရုံးသို့ တာဝန်ပေးအပ်ခြင်းနှင့် အသိပညာဆိုင်ရာ လုပ်ငန်းများ လိုအပ်ချက် တိုးပွားလာခြင်းတို့အရ CPS အကောင်အထည်ဖော်ဆောင်ရန် ADB ၏ ဝန်ထမ်းအင်အား လိုအပ်ချက်များသည် ပြောင်းလဲနေပါသည်။ ADB သည် CPS အား ထိရောက်စွာ အကောင်အထည်ဖော် ရန်အတွက် သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းရှိကြောင်း သေချာစေရန် ဝန်ထမ်း ခန့်အပ်မှု လိုအပ်ချက်များအား ပုံမှန်ပြန်လည်သုံးသပ်ကာ စိစစ်သွားမည် ဖြစ်သည်။ ယင်းသို့ သုံးသပ်စိစစ်ရာတွင် ရှုပ်ထွေးနက်နဲသည့် ဖွံ့ဖြိုးရေးအခြေအနေ အကြောင်းအရာများနှင့် ဌာနေ ကိုယ်စားလှယ်ရုံးတစ်ခုစီကို မြို့ကြီး နှစ်မြို့ (နေပြည်တော် နှင့် ရန်ကုန်) တွင် လုပ်ငန်းလည်ပတ်ခြင်းဖြင့် ဆက်စပ်နေသည့် စိန်ခေါ်မှုများကို ထည့် သွင်းစဉ်းစားသွားမည်ဖြစ်သည်။

## ခ။ အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ

၃၇။ **သင့်လျော်သည့် နည်းလမ်းများ အသုံးပြုခြင်း -** ADB သည် နိုင်ငံ၏ လိုအပ်ချက်များ၊ စွမ်းရည်များ၊ မူဝါဒ နှင့် အစီအစဉ်ရေးဆွဲရေး မူဘောင်များ တိုးတက်ပြောင်းလဲလာမှုကို တုန့်ပြန်နိုင်သည့် အထောက်အပံ့ နည်းလမ်း များကို ဖော်ဆောင်သွားမည်ဖြစ်သည်။ ADB သည် ရေရှည် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု အတွက် အခြေခံ အုတ်မြစ်များ တည်ဆောက်ရာတွင် မြန်မာနိုင်ငံအား အကူအညီပေးရန်အတွက် CPS ၏ အစောပိုင်းနှစ်များတွင် ရင်နှီးမြှုပ်နှံမှု စီမံကိန်းများ နှင့် နီးကပ်စွာ ဆက်စပ်နေသည့် အသိပညာ အထောက်အပံ့နှင့် စွမ်းရည် မြှင့်တင်ရေး TA တို့တွင် အာရုံစူးစိုက်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့် TA မှတစ်ဆင့် စနစ်များ တည်ဆောက်ရာ တွင် ကနဦးအထောက်အပံ့များပေးခြင်းသည် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၊ အစိတ်အပိုင်းများစွာ ပါဝင်သည့် ကိရိယာများနှင့် ရလဒ်များ အခြေခံသည့် ချေးငွေများ နှင့် မူဝါဒ အခြေခံ ချေးငွေများကဲ့သို့သော ထပ်ဆောင်းနည်းလမ်းများ သင့်လျော်သလို မိတ်ဆက်ရန်အတွက် အခြေခံတစ်ခုကိုလည်း ဖော်ဆောင်ပေး

မည်ဖြစ်သည်။ ADB သည် နည်းပညာအထောက်အပံ့ အထူးရန်ပုံငွေ နှင့် အခြား ထောက်ပံ့ငွေ ပံ့ပိုးသည့် အရင်းအမြစ်များအား TA စီမံကိန်းများနှင့်တကွ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လူထုနှင့် ချိန်ညှိထားသည့် လုပ်ငန်းငယ်များအား အထောက်အပံ့ပေးရန် အသုံးချသွားမည်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများအတွက် တိုးတက်လာနေသည့် အလားအလာများနှင့် ကိုက်ညီရန် နှင့် ပုဂ္ဂလိကကဏ္ဍ ဘဏ္ဍာရေးကို မြှင့်တင်ရန် ချေးငွေများ၊ မျှတရေးနှင့် အာမခံချက်များကို ပုဂ္ဂလိကကဏ္ဍ အထောက်အပံ့ပေးသူများသို့ ပေးအပ်သွားမည်ဖြစ်သည်။

၃၈။ **ရင်းနှီးမြှုပ်နှံမှု အရည်အသွေး အဆင့်မြှင့်တင်မှု** - ADB သည် ဖွံ့ဖြိုးတိုးတက်မှု ထိရောက်စေရေးကို သေချာစေရန်အတွက် CPS ကာလအတွင်း၌ ရင်းနှီးမြှုပ်နှံမှု အရည်အသွေးနှင့် ထိရောက်မှုတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် ထိရောက်မှု ပိုမိုရှိစေရန်၊ ရင်းနှီးမြှုပ်နှံမှု အရည်အသွေး မြှင့်တင်ရန်နှင့် နိုင်ငံတော်အဆင့် စနစ်များ အသုံးပြုမှုကို အဆင့်မြှင့်တင်ရန် အတွက် ADB သည် (၁) ယုံကြည်မှုဆိုင်ရာ ဘေးကင်းလုံခြုံရေးအစီအမံများ အကောင်အထည်ဖော်ဆောင်ရေးကို ပိုမိုခိုင်မာအားကောင်းစေမည်။ (၂) လုပ်ငန်းလုပ်ကိုင်သူများနှင့် ပိုမိုနီးကပ်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် စီမံကိန်း စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေရန် ADB ဌာနေ ကိုယ်စားလှယ်ရုံးသို့ စီမံကိန်းများ လွှဲပြောင်းတာဝန်ပေးခြင်းကို ရွေးချယ်ထားသည့် ပုံစံဖြင့် တဖြည်းဖြည်း တိုးမြှင့်သွားမည်ဖြစ်သည်။ (၃) ADB ၏ စီမံကိန်းပြင်ဆင်ရေး သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းနှင့်၊ စီမံကိန်း မစတင်မီ ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းတို့ကို တိုးတက်စေမည်ဖြစ်သည်။ (၄) အထူးသဖြင့် ပစ္စည်းဝယ်ယူစုဆောင်းခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် အစိုးရ၏ ခွင့်ပြုချက်များနှင့် လုပ်ငန်းစီးဆင်းလည်ပတ်မှုကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် စီမံကိန်း စီမံခန့်ခွဲရေး ယူနစ်များ အပါအဝင် အကောင်အထည်ဖော်ဆောင်ရေး ဌာနများ၏ ရယူနိုင်မှု၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ စွမ်းရည်များကို တည်ဆောက်မည်ဖြစ်သည်။ (၅) အမျိုးသားအဆင့် အတိုင်ပင်ခံ လုပ်ငန်းများနှင့် ကန်ထရိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အကူအညီပေးမည်ဖြစ်သည်။ (၆) ADB ၏ လုပ်ငန်းများကြားရှိ အချိတ်အဆက်များကို အမြင့်ဆုံးဖြစ်စေမည်ဖြစ်သည်။ ADB သည် နိုင်ငံတော်အဆင့် ရင်းနှီးမြှုပ်နှံမှုများ ပူးတွဲပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရေး ကိစ္စရပ်များကိုဖြေရှင်းရာတွင် အစိုးရ၊ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ကမ္ဘာ့ဘဏ်တို့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

## ဂ။ အကျိုးရလဒ်များအား စောင့်ကြည့်လေ့လာခြင်း

၃၉။ CPS အကောင်အထည်ဖော်ဆောင်ရွက်မှုကို နိုင်ငံတော်အဆင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်သုံးသပ်ခြင်းနှင့် နိုင်ငံတော်အဆင့် အစီအစဉ်များ ရေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း နှစ်စဉ် ပြင်ဆင်မွမ်းမံသည့် နိုင်ငံတော်နှင့် ကဏ္ဍဆိုင်ရာ တိုးတက်မှု ရလဒ်များဆိုင်ရာ မူဘောင်များကို အသုံးပြု၍ စောင့်ကြည့် လေ့လာ

သွားမည်ဖြစ်သည်။ [19] ကျွမ်းကျင်ပညာရှင်များသည် အကောင်ထည်ဖော်သည့် အေဂျင်စီများ၊ ပူးတွဲငွေကြေးပံ့ပိုးသူများနှင့် ပူးပေါင်းကာ ကဏ္ဍဆိုင်ရာ အကျိုးရလဒ်များကို စိစစ်လေ့လာသွားမည်ဖြစ်ပြီး အချက်အလက်အစုအဝေးများ (ဒေတာဘေ့စ်များ) နှင့် အချက်အလက် စုဆောင်းရေး၊ သိုလှောင်ရေးနှင့် ပြန်လည်ရယူရေးစနစ်များအပါအဝင် ယင်းတို့၏ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ရေး စွမ်းရည်များကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အလျင်အမြန် တိုးတက်ပြောင်းလဲလာနေသည့် ဖွံ့ဖြိုးရေး အခြေအနေများအရ အတိုင်းအတာတစ်ခုအထိ ပြောင်းလွယ် ပြင်လွယ်ရှိမှုကို ဆက်လက်ထိန်းသိမ်းထားမည် ဖြစ်သည်။ နိုင်ငံတော်အတွင်း လုပ်ငန်းလည်ပတ်မှုများဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် နိုင်ငံတော်အဆင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များအတွင်း လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် ဦးစားပေး လုပ်ငန်းများကို ပြန်လည်သုံးသပ်ကာ လိုအပ်သလို ပြန်လည်ချိန်ကိုက်မည်ဖြစ်သည်။

---

[19] နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ ရလဒ်များ မူဘောင် (နောက်ဆက်တွဲ ၁)။

## ဃ။ အဆိုးကြုံနိုင်ခြေများ

၄၀။ **နိုင်ငံတော်အဆင့် အဆိုးကြုံနိုင်ခြေများ** - ADB ၏ လုပ်ငန်းလည်ပတ်မှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်၏ အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်စွမ်း၊ မြန်မာနိုင်ငံ၏ အမျိုးသား စီးပွားရေးဆိုင်ရာ ထိခိုက်လွယ်မှုများနှင့် စီးပွားရေးဆိုင်ရာ ဖွဲ့စည်းပုံ၏ နက်ရှိုင်းမှု အကန့်အသတ်၊ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ အကြောင်းအရာများနှင့် လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခများတို့နှင့် ဆက်စပ်နေသည့် အဆိုးကြုံနိုင်ခြေများနှင့် ထိစပ်နေသည်။ ADB သည် အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့်အတူ အစိုးရအား နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပေးခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ တိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းဖြင့် အဆိုပါ အဆိုးကြုံနိုင်ခြေများအား လျှော့ချနိုင်ရန် အကူအညီ ပေးသွားမည်ဖြစ်သည်။ ADB သည် နိုင်ငံတော်အဆင့် စနစ်များ အသုံးချမှု တိုးတက်ကောင်းမွန်စေရန်နှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၏ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ခိုင်မာအားကောင်းစေရန်အတွက် အစိုးရနှင့် ဆက်လက် လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။

၄၁။ **ADB ဆိုင်ရာ အဆိုးကြုံနိုင်ခြေများ** - ADB ၏ နိုင်ငံတော်အဆင့် အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရာတွင် စွမ်းရည်နှင့် အင်စတီကျူးရှင်းဆိုင်ရာ အားနည်းချက်များ နှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံတော် စနစ်များအား နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကို ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ဖြင့် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်သည်။ ADB သည် ယင်း၏ လုပ်ငန်းလည်ပတ်မှုများရှိ ပစ္စည်းဝယ်ယူစုဆောင်းမှု၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အကျင့်ပျက် ခြစားမှုဆိုင်ရာ အဆိုးကြုံနိုင်ခြေများကို လျော့ပါးသက်သာစေမည့် အစီအမံများ အပါအဝင် CPS ကာလအတွင်း စီမံကိန်း စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ဦးစားပေးသတ်မှတ်ထားသည်။ ထို့အပြင် ADB သည် ဖွံ့ဖြိုးမှု၏ ထိရောက်မှုကို ဆုံးဖြတ်ရာတွင် ပဋိပက္ခနှင့် နိုင်ငံရေးဘောဂဗေဒတို့ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အရေးပါသည့် ပတ်ဝန်းကျင်၏ အခြေအနေအကြောင်းအရာများ၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားမည့် အစီအမံများအား ဖော်ဆောင်ခဲ့ပြီးဖြစ်သည်။ ယင်းအစီအမံများတွင် ပဋိပက္ခအခြေအနေများကို ထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်မှု နည်းလမ်း တစ်ခု ကျင့်သုံးခြင်း၊ CPS အောက်တွင် ပထဝီအနေအထားအရ လုပ်ငန်းလည်ပတ်မှု ဗဟိုချက်တစ်ခုနှင့် (အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ အကြံပေးအဖွဲ့တစ်ခု တည်ထောင်ခြင်း အပါအဝင်) ဒေသတွင်းရှိ အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ရန်နှင့် ဆွေးနွေးတိုင်ပင်ရန် အထူးကြိုးပမ်းမှုများ ပြုလုပ်ခြင်းတို့ ပါဝင်သည်။

နောက်ဆက်တွဲ ၁

## နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်းဗျူဟာ ရလဒ်များ မူဘောင်

| |
|---|
| CPS နှင့် ချိန်ကိုက်ထားသည့် နိုင်ငံတော် ဖွံ့ဖြိုးရေး အကျိုးသက်ရောက်မှု အညွှန်းကိန်းများ<br>၁။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု မျဉ်း၏ အောက်တွင် နေထိုင်နေသည့် လူဦးရေ အချိုးအစားသည် ၂၀၂၁ ခုနှစ်တွင် သိသိသာသာ ကျဆင်းသွားမည်ဖြစ်သည်။<br>၂။ GDP ဖွံ့ဖြိုးမှုနှုန်းသည် ၂၀၁၇ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်ကြားတွင် ပျမ်းမျှအားဖြင့် ၇% နှင့် ၈% ရှိမည်ဖြစ်သည်။<br>၃။ အလုပ်အကိုင်ကောင်းများ ကဏ္ဍအလိုက် တရားဝင် တိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။ |

| **CPS ရည်မှန်းချက်များနှင့် သက်ဆိုင်ရာ အကျိုးသက်ရောက်မှုများ** | **CPS ဦးစားပေး နယ်ပယ်များ** | **ADB မှ ထောက်ပံ့ပေးသည့် အဓိက အကျိုးရလဒ်များ** | **အကျိုးရလဒ် အညွှန်းကိန်းများ** | **CPS အရင်းအမြစ် များ** |
|---|---|---|---|---|
| လက်လှမ်းမီမှုနှင့် ဆက်သွယ်ရေး တိုးမြှင့်ရေး | • ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်ရေး တိုးမြှင့်ရေး<br>• မြို့ပြနှင့် ကျေး လက် နယ်ပယ် များအား ချိတ် ဆက်ရေး<br>• စီးပွားရေးလုပ်ငန်း များအား ဒေသ တွင်းနှင့် နိုင်ငံတ ကာဈေးကွက်များ နှင့်ချိတ်ဆက်ရေး<br>• လျှပ်စစ်ဓာတ်အား ပေးပို့မှုနှင့် ဖြန့်ဖြူး မှု ကွန်ရက်များ တည်ဆောက်ရေး | • ခေတ်မီသည့်အခြေ ခံအဆောက်အဦ များနှင့် ဆက်သွယ် ရေး ပိုမိုတိုးတက် ကောင်းမွန်ခြင်း ပြည်တွင်းနှင့် နိုင်ငံ တကာဈေးကွက် များကြားရှိ အချိတ် အဆက်ပိုမိုတိုး တက်ကောင်းမွန် ခြင်း<br>• လျှပ်စစ်ဓာတ်အား ရရှိမှု၊ စိတ်ချယုံ ကြည်ရမှုနှင့်ဈေး နှုန်းချိုသာမှုတို့ပိုမို တိုးမြှင့်လာခြင်း | • ရာသီမရွေး သွား လာနိုင်သည့် လမ်းများကို အသုံးချနိုင်သည့် ကျေးလက်နေ အိမ်ထောင်စုများ ပမာဏသည် ၂၀၁၃ ခုနှစ်တွင် ၃၆% ရှိရာမှ ၂၀၂၁ ခုနှစ်တွင် ၄၁% သို့ တိုး တက်လာမည် ဖြစ်သည်။<br>• မြန်မာ-ထိုင်း နယ် စပ်ရှိ မြဝတီမြို့ရှိ သယ်ယူပို့ဆောင် ရေးကုန်ကျစရိတ် များသည် ၂၀၁၃ | **လက်ရှိလုပ် ဆောင် နေဆဲ ရင်းနှီးမြှုပ်နှံမှုများ**<br><br>လက်ရှိ လုပ် ဆောင်နေဆဲ အစိုးရဆိုင်ရာ ချေးငွေနှင့် ရင်း နှီးမြှုပ်နှံမှု အထောက်အပံ့ စီမံကိန်းများ (၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အရ)<br>စီမံကိန်း အရေ အတွက် - ၁၀ ခု<br>ပမာဏ - အမေရိ ကန်ဒေါ်လာ ၃၅၈.၃၅ မီလျံ |

နောက်ဆက်တွဲ ၁

| | | | | |
|---|---|---|---|---|
| | | • လျှပ်စစ်ဓာတ်အား ပေးပို့ရေးနှင့် ဖြန့်ဖြူးရေး စွမ်းရည် နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှု တိုးတက်လာခြင်း<br>• စီးပွားရေး စကြံများ တစ်လျှောက်တွင် မြို့ပြစင်တာများကို ဖွံ့ဖြိုးတိုးတက်ရေး ဆုံချက်များအဖြစ် ဆောင်ရွက်ခြင်း | ခုနှစ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀ ရှိရာမှ ၂၀၂၁ ခုနှစ်တွင် ၃၀% လျော့ကျသွားမည်ဖြစ်သည်။<br>• လျှပ်စစ်ဓာတ်အားရရှိသည့်အိမ်ထောင်စုများ သည် ၂၀၁၅ ခု နှစ်တွင် ၃၄% ရှိ ရာမှ ၂၀၂၅ ခုနှစ် တွင် ၆၅% အထိ တိုးတက်လလာမည်ဖြစ်သည်။<br>• ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် အတွင်း ဓာတ်အားပေး ကွန် ရက်၏ စွမ်းရည် သည် ၇၀၀ MVA သို့ တိုးတက်လာမည် ဖြစ်သည်။<br>• ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် အတွင်း ကျေးလက်ဒေသ | **အစီအစဉ်ရေးဆွဲ ထားသည့် လုပ် ငန်းလည်ပတ်မှု များနှင့်အထောက် အပံ့များ**<br><br>**အစိုးရဆိုင်ရာ**<br><br>ချေးငွေထုတ်ပေး ခြင်း - ၂၀၁၇-၂၀၂၁ အတွက် အထူးနှုန်းထားဖြင့် OCR အမေရိကန် ဒေါ်လာ ၂.၀ ဘီ လျံ နှင့် ပူးတွဲငွေ ကြေးပံ့ပိုးမှု အမေ ရိကန် ဒေါ်လာ ၁၇၀ မီလျံ CPS ကာလအတွင်း ထပ်ဆောင်း ငွေကြေးပံ့ပိုးမှုများ ရာဖွေသွားမည် ဖြစ်သည်။<br><br>**နည်းပညာ အထောက်အပံ့**<br><br>ချေးငွေထုတ်ပေး ခြင်း မဟုတ်သည့် အထောက်အပံ့ များ - |

| | | | | |
|---|---|---|---|---|
| | | | ဓာတ်အားဖြန့်ဖြူးရေး စနစ်များ၏ စွမ်းရည်သည် ၅၃၀ MVA သို့ တိုးတက်လာမည် ဖြစ်သည်။<br>• သန့်စင်သည့် သောက်သုံးရေ ရရှိသည့် လူဦး ရေသည် (၂၀၁၅ ခုနှစ်တွင် ၈၀.၆% ရှိရာမှ) ၂၀၂၁ ခုနှစ်တွင် ၉၀.၀% သို့ တိုးတက်လာမည် ဖြစ်သည်။<br>• မိလ္လာစနစ် အသုံး ပြုနိုင်သည့် လူဦး ရေသည် (၂၀၁၅ ခုနှစ်တွင် ၇၉.၆% ရှိရာမှ) ၂၀၂၁ ခုနှစ်တွင် ၉၀.၀% သို့ တိုး တက်လာမည် ဖြစ်သည်။ | ၂၀၁၇-၂၀၂၁ အတွက် TASF အမေရိ ကန်ဒေါ်လာ ၂၀.၀၀ မီလျံ နှင့် ပူးတွဲငွေကြေး ပံ့ပိုးမှု ၁၅.၂၅ မီလျံ |

နောက်ဆက်တွဲ ၁

| | | | | |
|---|---|---|---|---|
| **လူ့စွမ်းအားအရင်းအမြစ်ခိုင်မာအားကောင်းစေရေး** | • ကျွမ်းကျင်မှု ပြည့် ဝပြီး ယှဉ်ပြိုင်နိုင် စွမ်းရှိသည့် လုပ် သားထုတစ်ရပ် ပေါ်ပေါက်လာရေး<br>• ခေတ်မီပြီး တန်ဖိုး ပိုမို တိုးမြှင့်ထား သည့် ကဏ္ဍများ တွင်အလုပ်အကိုင် ရရှိမှု တိုးမြှင့်ရေး<br>• စီးပွားရေး တိုး တက်မှုတွင် ဆင်း ရဲနွမ်းပါးသူများ နှင့် ချို့တဲ့သူများ ပါဝင်နိုင်ရေး | • လုပ်ငန်းခွင်တွင် ကျွမ်းကျင်မှု လို အပ်ချက်များနှင့် ကိုက်ညီစေရန် အတွက် ယေဘုယျ ပညာရေး လမ်း ကြောင်းနှင့် TVET တို့အား ဗျူဟာ မြောက် ပြန်လည် ချိန်ကိုက်ခြင်း<br>• လုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် ကျွမ်းကျင်မှု အဟန့် အတားများ လျော့ ကျခြင်း<br>• လူငယ်များအတွက် ပိုမို မျှတသည့် သင်ကြားမှု အကျိုး ရလဒ်များနှင့် လုပ် ငန်းခွင်အောင်မြင်မှု အခွင့်အလမ်းများ တိုးမြှင့်ခြင်း<br>• အလယ်တန်းနှင့် အထက်တန်း ပညာရေးတို့မှ | • မြန်မာနိုင်ငံ၏ ပဋ္ဌမ မဏ္ဍိုင်[ကာ] နိုင်ငံတကာယှဉ် ပြိုင်နိုင်မှု အညွှန်း ကိန်းသည် ၂၀၁၅[ခ] ခုနှစ်တွင် ၁၄၀ အနက် ၁၃၄ ရှိရာမှ ၂၀၂၅ ခုနှစ်တါင် ၁၄၀ အနက် ၁၂၄ ရှိလာမည် ဖြစ်သည်။<br>• ပညာရေးစနစ် သည် လိုအပ် သည့်ကျွမ်းကျင်မှု များကို ဖော် ဆောင်ပေးနိုင် သည်ဟု ယူဆ ကြသည့် လုပ်ငန်း ရှင် ပမာဏသည် ၂၀၁၄ ခုနှစ်တွင် ၁၄% ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၅၀% ရှိလာမည် ဖြစ် သည်။<br>• ဆင်းရဲနွမ်းပါး သည့်အိမ်ထောင်စုများရှိ အသက် ၁၆ နှစ်မှ ၁၈ နှစ် ကြားတွင် ရှိသည့် လူငယ်များ အနိမ့် | |

| | | | | |
|---|---|---|---|---|
| | | ကျွမ်းကျင်မှုများ စီးပွားရေးစနစ် အတွင်း စီးဆင်း ဝင်ရောက်မှု တိုး မြှင့်ခြင်း<br>• TVET မှ ကျွမ်းကျင်မှုများ စီးပွားရေးစနစ် အတွင်း စီးဆင်းဝင်ရောက်မှု တိုးမြှင့်ခြင်း | ဆုံးအနေဖြင့် အလယ်တန်း ပညာရေး ပြီး မြောက်မှုသည် ၂၀၁၀ ခုနှစ်တွင် ၃၀% (အမျိုး သမီး ၂၉% နှင့် အမျိုးသား ၃၁%) ရှိရာမှ ၂၀၂၅ ခုနှစ်တွင် အမျိုးသမီးများ နှင့် အမျိုးသား များ အားလုံး သည် ၆၀% သို့ တိုးတက်လာမည် ဖြစ်သည်။<br>• အသက် ၁၈ နှစ်မှ ၂၂ အတွင်းရှိ ပညာသင် ကြား နေဆဲ သို့မဟုတ် စိုက်ပျိုးရေး မဟုတ်သည့် အလုပ်များတွင် လုပ်ကိုင်ကြသည့် လူငယ် အမျိုး သမီးများနှင့် အမျိုးသားများ သည် ၂၀၁၄ ခုနှစ်တွင် ၃၂% နှင့် ၄၁% အသီး သီး | |

နောက်ဆက်တွဲ ၁

| | | | | |
|---|---|---|---|---|
| | | | ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၅၀% အထိသို့တိုးတက်လာမည်ဖြစ်သည်<br>• တက္ကသိုလ်ဝင် တန်းစာမေးပွဲ အောင်မြင်သည့် အထက်တန်း ကျောင်းသားများ အချိုးအစားသည် ၂၀၁၆ ခုနှစ်တွင် ၂၉% (အမျိုးသ မီး ၃၁%နှင့်အမျိုး သား ၂၈%) ရှိရာ မှ ၂၀၂၂ ခုနှစ် တွင် ၇၅% သို့ တိုးတက်လာမည် ဖြစ်သည်။<br>• အသက် ၁၈ နှစ်မှ ၂၂ အတွင်းရှိ အနိမ့်ဆုံး အလယ်တန်း အောင်မြင်သည့် လုပ်သားများ ပမာဏသည် ၂၀၁၄ ခုနှစ်တွင် ၃၃% (အမျိုးသမီး ၃၃% နှင့် အမျိုးသား ၃၂%) မှ | |

| | | | | |
|---|---|---|---|---|
| | | | ၂၀၂၅ ခုနှစ် တွင် အမျိုးသမီး များနှင့် အမျိုး သားများ အားလုံး အတွက် ၆၀% သို့ တိုးတက်လာ မည် ဖြစ်သည်။<br>• အသက် ၁၈ နှစ်မှ ၂၂ အတွင်း ရှိသည့် TVET တစ်ခုခုတွင် စက်မှုလုပ်ငန်း ဆိုင်ရာ ကျွမ်း ကျင်မှုနယ်ပယ် များ ရှိသည့်လုပ် သားများ သည် ၂၀၁၀ ခုနှစ်တွင် အမျိုးသမီး ၀.၄% နှင့် အမျိုး သား ၁.၀% ရှိရာ မှ ၂၀၂၅ ခုနှစ် တွင် အမျိုးသမီး ၄.၀% နှင့် အမျိုး သား ၅.၀% သို့ တိုးတက်လာမည် ဖြစ်သည်။ | |

နောက်ဆက်တွဲ ၁

| | | | | |
|---|---|---|---|---|
| **ဖွဲ့စည်းပုံနှင့် အင်စတီကျူး ရှင်းဆိုင်ရာ ပြုပြင်ပြောင်း လဲမှုများ တိုးမြှင့်ရေး** | • စီးပွားရေး စင်္ကြံ လမ်းများ တစ် လျှောက်ရှိ မြို့ပြ နှင့်ကျေးလက် စီးပွားရေးစနစ်များ ခေတ်မီတိုးတက် ရေး<br>• အများပြည်သူနှင့် ပုဂ္ဂလိက အင်စတီ ကျူးရှင်းများနှင့် စွမ်းရည် ခိုင်မာအားကောင်း စေရေး<br>• PPP လုပ်ငန်းများ အတွက်တိုက်ရိုက် အထောက်အပံ့ ပေးခြင်းအပါအဝင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး<br>• လက်ရှိ လုပ် ဆောင်နေဆဲ မူဝါဒ ပြုပြင် ပြောင်းလဲမှုများ | • မြို့ပြနှင့် ကျေး လက် ဝန်ဆောင်မှု များ အဆင့်မြှင့် တင်ခြင်း<br>• အရင်းအမြစ် ရယူ အသုံးချမှုနှင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သည့်တိုး တက်မှုခိုင်မာအား ကောင်းစေခြင်း<br>• အများပြည်သူဆိုင် ရာ ကဏ္ဍ လုပ်ငန်း လည်ပတ်မှု များ နှင့် စီးပွားရေး လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း<br>• စီးပွားရေးလုပ်ငန်း များအတွက် အလားအလာ ကောင်းမွန်သည့် ဝန်းကျင် အဆင့် မြှင့်တင်ခြင်း နိုင်ငံတော်အဆင့် စနစ်များ ခိုင်မာ အားကောင်း စေခြင်း | • အခြေခံ အဆောက်အဦ ဝန်ဆောင်မှုများကို ငွေကြေးပံ့ပိုး ရန်အတွက် ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေများ တိုး မြှင့်နိုင်မည် ဖြစ်သည်။<br>• ၂၀၂၁ ခုနှစ်တွင် အနည်းဆုံး PPP စီမံကိန်း နှစ်ခု အောင်မြင်စွာ ဖော်ဆောင်နိုင် မည် ဖြစ်သည်။<br>• စပါးမဟုတ်သည့် သီးနှံများ (ဆီ ထွက်သည့် အစေ့ အဆံများ၊ ပဲမျိုးစုံ၊ ပဲကြီးနှင့်ဥယျာဉ် စိုက်ပျိုးသည့်သီး နှံများ) စိုက်ပျိုးမှု ကို စီးပွားဖြစ် လုပ်ကိုင်ခြင်းနှင့် အမျိုးမျိုးကွဲပြား စွာ စိုက်ပျိုးခြင်း သည် ၂၀၁၆ ခုနှစ်တွင် ၄၈% ရှိရာမှ ၂၀၂၁ ခုနှစ်တွင် | |

| | | | | |
|---|---|---|---|---|
| | | | ၅၈% သို့တိုးတက်လာမည် ဖြစ်သည်။<br>• ကောင်းမွန်သည့် စိုက်ပျိုးရေး အလေ့အကျင့် များနှင့် ရာသီ ဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုး ရေး၏ အလေ့ အကျင့်များအား ၂၀၂၁ ခုနှစ်တွင် တောင်သူ ၃၀၀၀၀ ထံ ပေးအပ်ပြီးဖြစ် ကာ ယင်းတို့ အနက် ၃၀% သည် အမျိုးသမီး များ ဖြစ်မည်ဖြစ် ပါသည်။<br>• စနစ်လည်ပတ် ရေးလက်စွဲစာ အုပ်သစ်များ၊ နည်းပညာရှေ့ ပြေး စမ်းသပ်မှု များ၊ တတိယ အဆင့်နှင့် လယ် မြေအဆင့် ရေ စီမံခန့်ခွဲရေးတွင် အမျိုးသမီး ၃၀% အပါအဝင် IWUMD ဝန်ထမ်း ၈၀ နှင့် | |

နောက်ဆက်တွဲ ၁

| | | | | |
|---|---|---|---|---|
| | | | တောင်သူလယ်သမား<br>ခေါင်း ဆောင် ၇၀၀<br>ဦးအား လေ့ကျင့်<br>သင်တန်းပေးခြင်း<br>မှတစ်ဆင့် ဆည်<br>ရေပေးခြင်းလုပ် ငန်း<br>စီမံခန့်ခွဲမှု<br>တိုးတက်လာမည်ဖြစ်ပြီး<br>၂၀၂၁ ခုနှစ်တွင် ယင်း<br>တို့အား ကျား/မ ရေးရာ<br>အခြေ အနေများ ထည့်<br>သွင်း စဉ်းစား<br>ထားသည့် ရေ<br>အသုံးပြုသူ များ အဖွဲ့ ဃ<br>တည် ထောင်ပြီးဖြစ်ကာ<br>ကော်မတီအဖွဲ့ ဝင်များ<br>အနက် အနည်းဆုံး<br>၃၀% သည် အမျိုးသမီး<br>များ ဖြစ်မည်ဖြစ်<br>ပါသည်။ (၂၀၁၆ ခုနှစ်<br>အခြေခံမျဉ်း - | |

| | | | | |
|---|---|---|---|---|
| | | | လက်စွဲစာအုပ်မရှိရေ ပြေးစမ်းသပ်သည့် လုပ်ငန်းမရှိ သို့မဟုတ် ရေ အသုံးပြုသူ များ အဖွဲ့ဟူ၍ မရှိပါ။ ဆည်ရေပေးဝေမှု စီမံခန့်ခွဲရာတွင် အမျိုးသမီး ပါဝင်မှု၂၀% ရှိသည်)[င]<br>• ရေအသုံးပြုသူ အဖွဲ့များနှင့် ဆည် ရေပေးသည့်စနစ် O&M ငွေကြေး ပံ့ပိုးမှုအတွက် အစီအစဉ်များ အပါအဝင် အမျိုး သားအဆင့်ဆည် ရေပေးဝေမှု မူဝါဒ ရေးဆွဲခြင်း။ | |

ADB = အာရှဖွံ့ဖြိုးရေးဘဏ်၊ CPS နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ၊ GDP = ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှု၊ IWUMD = ဆည်မြောင်း၊ ရေသယံဇာတများ အသုံးချရေးနှင့် စီမံခန့်ခွဲရေး ဌာန၊ MVA = megavolt-ampere၊ O&M = လုပ်ငန်းလည်ပတ်မှုနှင့် ထိန်းသိမ်းမှု၊ OCR = သာမန်ငွေကြေး အရင်းအမြစ်များ၊ PFM = ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု၊ PPP = အများပြည်သူ-ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်းများ၊ TASF = နည်းပညာ အထောက်အပံ့ အထူးရန်ပုံငွေ၊ TVET = နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး

[က] အလယ်တန်းနှင့် အထက်တန်း ပညာရေးနှင့် အဆင့်မြင့်ပညာရေးနှင့်တကွ သင်တန်းပို့ချမှုများတွင် တက် ရောက်မှုနှင့် ပညာအရည်အသွေးကို ဆိုလိုသည်။

[ခ] ကမ္ဘာ့စီးပွားရေး ဖိုရမ်၊ ၂၀၁၅ ခုနှစ်။ နိုင်ငံတကာ ယှဉ်ပြိုင်နိုင်မှု အစီရင်ခံစာ၊ ၂၀၁၄ -၂၀၁၅။ အချက်အလက် အပြည့်အစုံ ပါဝင်သည့် ထုတ်ဝေမှု။ ဂျီနီဗာမြို့။

နောက်ဆက်တွဲ ၁

[ဂ] ကုန်ထုတ်လုပ်မှု၏ ရေရှည်တည်တံ့မှုကို တိုးမြင့်စေပြီး၊ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းမြှင့်တင်ပေးကာ ဖြစ်နိုင်သည့် အခြေအနေများတွင် လျော့ပါးသက်သာစေခြင်းနှင့် အမျိုးသားစားနပ်ရိက္ခာ ဖူလုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို မြှင့်တင်ပေးသည့် စိုက်ပျိုးရေးလုပ်ငန်း။

[ဃ] ရေအသုံးပြုသူ အဖွဲ့များ တည်ထောင်သည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ လိုအပ်ချက်များအား အဆိုပါ အဖွဲ့များ ဖွဲ့စည်းမှုနှင့် လည်ပတ်မှုတွင် ထည့်သွင်းထားကြောင်း သေချာစေရန် အမျိုးသမီးများနှင့် ကြိုတင် ပြင်ဆင်ကာ စနစ်တကျ ဆွေးနွေးတိုင်ပင်ခြင်းများ ပါဝင်မည်ဖြစ်သည်။

[င] နတ်မောက်နှင့် ချောင်းမကြီး ဆည်ရေးပေးဝေမှု စနစ်များရှိ စစ်တမ်းကောက်ယူမှုများကို အခြေခံထားသည်။

အရင်းအမြစ် - ADB ၏ ခန့်မှန်းတွက်ချက်မှုများ

နောက်ဆက်တွဲ ၂

# နိုင်ငံဆိုင်ရာ အသိပညာ အစီအစဉ်

## က။ အသိပညာ လိုအပ်ချက်များ

၁။ **အခွင့်အလမ်းများ နှင့် စိန်ခေါ်မှုများ -** မြန်မာနိုင်ငံသည် စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ခေတ်ရေစီးကြောင်းမှ ဆယ်စုနှစ်များစွာ ဝေးကွာနေခဲ့ပြီးနောက်တွင် လျှင်မြန်စွာ တိုးတက်လာပြီး ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးတို့တွင် ပေါင်းစည်းဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အာရှတိုက်၏ ဗျူဟာ မြောက် တည်နေရာတွင် တည်ရှိခြင်းကြောင့် နိုင်ငံနှင့် ဒေသအတွက် အကျိုးကျေးဇူးများစွာ ရရှိစေခြင်း အပါ အဝင် နိုင်ငံ၏ အားသာချက်များနှင့် မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများကို မြှင့်တင်ရန် အစိုးရတွင် သမိုင်းဝင် အခွင့်အရေးတစ်ခု ရှိနေသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းရန်အတွက် မက်ခရိုစီးပွားရေး တည်ငြိမ်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အားလုံးပါဝင်ရေး၊ အုပ်ချုပ်မှု တိုးတက်စေရေး၊ အများပြည်သူဆိုင်ရာကဏ္ဍ စီမံခန့်ခွဲမှု ထိရောက်စေရေး၊ ဒေသတွင်း ပေါင်းစည်းရေး နှင့် အလားအလာကောင်းမွန်သည့် စီးပွားရေး ဝန်းကျင်တစ်ခု ပေါ်ပေါက်လာရေးအတွက် ပြုပြင် ပြောင်းလဲမှု များစသည့် နယ်ပယ်များတွင် ဦးစားပေး အာရုံစူးစိုက်ရန် လိုအပ်နေပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ယှဉ်ပြိုင် နိုင်စွမ်းရှိသည့် စီးပွားရေးစနစ်တစ်ခုသို့ အသွင်ကူးပြောင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ရုပ်ပိုင်း ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ရန် လိုအပ်ရုံသာမက၊ စွမ်းရည်မြှင့်တင်ရေးနှင့် အသိပညာဆိုင်ရာ ဖြေရှင်းချက်များတွင် ခိုင်မာစွာ အာရုံစူးစိုက်ရန် လိုအပ်နေပါသည်။ မြန်မာနိုင်ငံသည် (ဒေသတွင်း နှင့် နိုင်ငံတကာရှိ) အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ လေ့လာနိုင်ပြီး သင်ခန်း စာများအား သင့်လျော်စွာ အသုံးချခြင်းနှင့် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်မှုနည်းလမ်းများ အသုံးပြုခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်သည်။

၂။ **ADB ၏ ချဉ်းကပ်မှုနည်းလမ်း -** အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် နှစ်ပေါင်း ၂၀ကျော်ကြာ ဝေးကွာ နေပြီးသည့်နောက် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ပြန်လည်ထိတွေ့ဆက်ဆံခဲ့ပြီး ဖွံ့ဖြိုးရေးအတွက် အဟန့် အတားများအား ဖြေရှင်းရန် ဆောင်ရွက်လျက်ရှိသည်။ ADB သည် ယင်း၏ လုပ်ငန်းများတွင် ဆီလျော်မှု မြှင့် တင်ရန်နှင့် အမျိုးသားအဆင့် လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို တုန့်ပြန်နိုင်မှု တိုးမြှင့်ရန်အတွက် မြန်မာနိုင်ငံရှိ ပြည်သူလူထုနှင့် အဖွဲ့အစည်းများအား ဆက်ဆံရာမှ ရရှိသည့် အသိပညာများကို ပေါင်းစပ်ထည့် သွင်းဆောင်ရွက်လျက်ရှိသည်။ ADB သည် ဒေသတွင်းနှင့် နိုင်ငံတကာမှ ရရှိသည့် အတွေ့အကြုံများနှင့် ကောင်းမွန်သည့် အလေ့အထများကိုလည်း ကျင့်သုံးဖော်ဆောင်လျက်ရှိသည်။ အဆိုပါ အပြန်အလှန် လေ့လာ သည့် ချဉ်းကပ်မှုနည်းလမ်းအား ခိုင်မာစွာ ကျင့်သုံးလျက်ရှိပြီး ပတ်သက် ဆက်နွယ်သူအားလုံးသည် ယင်းကို အရေးပါသည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ယူဆကြသည်။ ADB သည် မြန်မာနိုင်ငံသို့ပြည်ပမှ ဖွံ့ဖြိုးရေး အထောက်အပံ့များ လျင်မြန်စွာ တိုးတက်လာနေသည့် အခြေအနေတွင် ထိရောက်သည့် အသိပညာ ဆိုင်ရာ

နောက်ဆက်တွဲ ၂

စီမံခန့်ခွဲမှုအတွက် စိန်ခေါ်မှုများကို ကျော်လွှားရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ ရင်ဆိုင်ကျော်လွှား နိုင်ရန် အတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများစွာနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသား ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ပုံဖော်ရာတွင် အသိပညာများ ရယူခြင်းနှင့် ထိရောက်စွာ အသုံးချခြင်း တို့ကို အထောက်အပံ့ပေးရန်အတွက် ADB သည် ပြောင်းလဲပြင်လွယ်မှုရှိပြီး လိုအပ်ချက်များမှ မောင်းနှင်ကာ ပုံစံ ရေးဆွဲထားသည့် ချဉ်းကပ်မှုနည်းလမ်းတစ်ခုမှ တစ်ဆင့် ယင်း၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုများအား ကောင်းစွာ အသုံးချလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အရေးပါသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးစီးပွား ပတ်သက် ဆက်နွယ်သူများနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းလေ့လာခြင်းနှင့် လိုအပ်နေသည့် နည်းပညာ ဆိုင်ရာ အသိပညာများနှင့် ကျွမ်းကျင်မှုများ ပေးအပ်ရေးနှင့် တရားဝင် အသိပညာဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အလေးပေး ဆောင်ရွက်လျက်ရှိသည်။

၃။ **နိုင်ငံတော်အဆင့် အသိပညာဆိုင်ရာ အစီအစဉ်** - နိုင်ငံတော်အဆင့် အသိပညာဆိုင်ရာ အစီအစဉ် (CKP) သည် ADB ၏ အသိပညာဆိုင်ရာ အထောက်အပံ့များအား မြန်မာနိုင်ငံအတွက် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဗျူဟာ (CPS) ၂၀၁၇ - ၂၀၂၁ ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အသေး စိတ်ဖော်ပြထားသည်။ CKP သည် အသိပညာများ ထောက်ပံ့ပေးခြင်း၏ အခြေအနေကို ဖော်ပြထားပြီး အသိပညာဆိုင်ရာ လုပ်ငန်းများ ခွဲခြားသတ်မှတ်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရေး အတွက် အခြေခံ မှုများ ဖော်ပြထားကာ အစီအစဉ်ရေးဆွဲထားသည့် အသိပညာဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများ၊ မိတ်ဖက်လုပ်ငန်း များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ယခင် လုပ်ငန်းလည်ပတ်မှုများမှ သင်ခန်းစာများနှင့် အသိပညာဆိုင်ရာ စနစ်များနှင့် အရင်းအမြစ်များ ထောက်ပံ့ပေးခြင်းအတွက် နယ်ပယ်ကို ရည်ညွှန်းဖော်ပြ ထားသည်။ ယင်းသည် ADB ၏ မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံး CKP ဖြစ်သည်။

## ခ။ ADB ၏ အစီအစဉ်ရေးဆွဲထားသည့် အသိပညာဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများ၏ နယ်ပယ်

### ၁။ အခြေခံမှုများ

၄။ CKP တွင် မြန်မာနိုင်ငံ၏ ရှုပ်ထွေးနက်နဲပြီး အလျင်အမြန် ပြောင်းလဲနေသည့် ဖွံ့ဖြိုးရေး အခြေအနေများ၌ လုပ်ငန်းလည်ပတ်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ဖော်ပြထားသည်။ ယင်းသည် ဖော်ဆောင်ရမည့် အသိ ပညာဆိုင်ရာ လုပ်ငန်းများ ခွဲခြားသတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် ဆုံးဖြတ်ချက်များ ပြု လုပ်ရာတွင် လမ်းညွှန်နိုင်မည့် အရေးကြီးသည့် အခြေခံမှုများကို ခွဲခြားသတ်မှတ်ထားသည်။ ယင်းတို့သည် ADB ၏ လုပ်ငန်းလည်ပတ်မှုများ အားလုံးကို မြှင့်တိုးတက်စေရန် အထောက်အကူ ပြုမည် ဖြစ်သည်။

နောက်ဆက်တွဲ ၂

(၁) **လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆီလျော်မှုနှင့် ချိန်ကိုက်မှု -** မြန်မာနိုင်ငံ၏ အသိပညာ ဆိုင်ရာ လုပ်ငန်းများသည် ADB ပံ့ပိုးမှုများ၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်လိမ့်မည် ဖြစ်သည်။ ယင်းတို့သည် ကာလလတ် CPS ၂၀၁၇ - ၂၀၂၁ နှင့် နောက်ဆက်တွဲ နှစ်စဉ် နိုင်ငံတော်တွင်း လုပ်ငန်းလည်ပတ်မှုများ လုပ်ငန်းအစီအစဉ်တို့ကို အထောက်အပံ့ ပေးမည် ဖြစ်သည်။ ADB ၏ အသိပညာဆိုင်ရာ လုပ်ငန်းများသည် ယေဘုယျအားဖြင့် လုပ်ငန်းလည်ပတ်မှု စက်ဝန်းကို ကိုးကားမည်ဖြစ်ပြီး အနာဂတ် လုပ်ငန်းလည်ပတ်မှုများတွင် အဆင့်မြှင့်တင်မှုများလုပ်ဆောင်ရန် အသိပေးနိုင်မည်ဖြစ်သည်။ ADB သည် ယင်း၏ မြန်မာ နိုင်ငံဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများကို တင်ကြို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ယင်းမှ ရရှိသည့် အသိပညာအား ယင်း၏ ထောက်ပံ့မှုအစီအစဉ်များ အဆင့်မြှင့်တင်ရာတွင် အသုံးပြုမည် ဖြစ်သည်။

(၂) **ပြောင်းလွယ်ပြင်လွယ်မှုနှင့် တုန့်ပြန်နိုင်မှု -** ADB သည် နိုင်ငံတော်၏ လိုအပ်ချက်များ နှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ ဦးစားပေးလုပ်ငန်းများကို တုန့်ပြန်နိုင်သည့် အသိပညာဆိုင်ရာ လုပ်ငန်းများကို ဖော်ဆောင်မည်ဖြစ်သည်။ CPS အောက်ရှိ အမျိုးမျိုးသော လုပ်ငန်းများကြားရှိ ချိတ်ဆက်မှုများကို အမြင့်ဆုံး မြှင့်တင်နိုင်မည့် အသိပညာဆိုင်ရာ လုပ်ငန်းများအား အလေးပေး သွားမည်ဖြစ်ပြီး နိုင်ငံတွင်းရှိအဖွဲ့များ၏ အဖွဲ့ဝင်များအား ယင်းတို့၏ သက်ဆိုင်ရာ နယ်ပယ်များ တွင် ဆန်းသစ်သည့် အသိပညာဆိုင်ရာ ဖြေရှင်းချက်များ ဖော်ဆောင်ရန် အားပေးသွားမည် ဖြစ်သည်။

(၃) **လျင်မြန်စွာ တုန့်ပြန်မှု -** ADB သည် သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများမှ သတင်း အချက်အလက်များ၊ အချက်အလက်များ၊ စိစစ်လေ့လာချက်များနှင့် အခြား အသိပညာများ တောင်းဆိုသည့် အခါတွင် လျင်မြန်စွာ တုန့်ပြန်ဖြေကြားပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းသို့ တုန့်ပြန်ဖြေကြားရာတွင် သဘောသဘာဝအားဖြင့် ဝန်ထမ်းနှင့် ဘတ်ဂျက် ဆိုင်ရာ အဟန့်အတားများနှင့် လုပ်ငန်းအစီအစဉ် ကတိကဝတ်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

(၄) **အခြေအနေအကြောင်းအရာများအား ထည့်သွင်းစဉ်းစားမှု -** မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေး လုပ်ငန်းများအားလုံးကဲ့သို့ပင် အသိပညာဆိုင်ရာလုပ်ငန်းများကိုလည်း အခြေအနေ အကြောင်း အရာများနှင့် သင့်လျော်မှုရှိပြီး နိုင်ငံတော်အဆင့် အခြေအနေ အကြောင်းအရာအား ထင်ဟပ် နိုင်ရန်အတွက် စနစ်တကျ ပုံစံရေးဆွဲရန် လိုအပ်သည်။ ယင်းတို့တွင် လူမျိုးရေးနှင့် ဘာသာရေး ကိစ္စရပ်များ၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၊ အစိုးရနှင့် ပြည်သူလူထု ဆက်ဆံရေး ကဲ့သို့သော

နောက်ဆက်တွဲ ၂

အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၏ အခြေအနေအကြောင်းအရာများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

(၅) **အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံမှု** - ADB ၏ အသိပညာဆိုင်ရာလုပ်ငန်းများသည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်း၊ မီဒီယာ၊ သုတေသန အင်စတီကျူများနှင့် လွှတ်တော် အပါအဝင် အဓိက အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် ယင်းအုပ်စုများကြားရှိ အပြန်အလှန် ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သည်။

(၆) **ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း** - ADB သည် မြန်မာနိုင်ငံရှိ ထုတ်လုပ်မှုများကို ညှိနှိုင်းရန်နှင့် အသိပညာများ အသုံးချရန်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ အသိပညာ အထောက်အပံ့များအတွက် ဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်ထားသည့် ချဉ်းကပ်မှုနည်းလမ်းတစ်ခုသည် ထပ်နေသည် များကို လျော့ချပြီးနှင့် အစိုးရနှင့် မူဝါဒ ဆွေးနွေးမှုများ အဆင့်မြှင့်တင်ပေးလိမ့်မည်။

(၇) **မျှဝေလေ့လာခြင်း** - ADB သည် ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံနှင့် အခြား ADB အဖွဲ့ဝင်များကြားရှိ မူဝါဒ ပူးပေါင်း ဖလှယ်ရေးနှင့် ဆွေးနွေးညှိနှိုင်းရေးတို့ကို အထောက်အပံ့ပေးမည်ဖြစ်သည်။ ယင်းတို့တွင် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေး အတွေ့အကြုံမှ ရွေးချယ်ထားသည့် နားလည်သဘော ပေါက်မှုများအား နိုင်ငံတကာသို့ မျှဝေခြင်းနှင့်တကွ ADB ၏ လုပ်ငန်းလည်ပတ်မှုများမှ လေ့လာခြင်းတို့ ပါဝင်မည်ဖြစ်သည်။

(၈) **အကျိုးရလဒ်များအား တိုင်းတာခြင်း** - အသိပညာဆိုင်ရာ အထောက်အပံ့များ၏ အကျိုးရလဒ်များသည် CPS  အောက်ရှိ ADB ကဏ္ဍအလိုက် ရလဒ်များဆိုင်ရာ မူဘောင်များနှင့် ချိန်ကိုက်မည်ဖြစ်သည်။  အဆိုပါ အကျိုးရလဒ်များအား တိုင်းတာ၍ရသည့် အကျိုးရလဒ် ပန်းတိုင်များဖြင့် သုံးသပ်မည်ဖြစ်သည်။ နည်းပညာ အထောက်အပံ့ (TA) မှတစ်ဆင့် အထောက်အပံ့ပေးထားသည့် အသိပညာများ ဖန်တီးရေးနှင့် ထုတ်ပြန်ရေးတို့ အတွက်မူ၊ ADB သည် အသိပညာဆိုင်ရာ ရလဒ်များ၏ မူဝါဒဆိုင်ရာ လွှမ်းမိုးမှုကို သုံးသပ်ရန်အတွက် အမျိုးမျိုးသော စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ရေး ကိရိယာများကို စဉ်းစားမည်ဖြစ်သည်။

## ၅။ အာရုံစူးစိုက်မှု

၅။ ADB သည် အသိပညာဆိုင်ရာ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် အခြား အသိပညာဆိုင်ရာ ဖြေရှင်းချက်များအား ဖော်ဆောင်ရာတွင် CPS အောက်တွင် ချမှတ်ထားသည့် ဗျူဟာမြောက် တွန်းအား သုံးရပ်နှင့်အညီ ဦးစားပေးသတ်မှတ်ပြီး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတွန်းအား သုံးရပ်တို့မှာ (၁) လက်လှမ်းမီ အသုံးချမှုနှင့် ဆက်သွယ်ရေးတိုးမြှင့်ရေး (၂) လူ့စွမ်းအားအရင်းအမြစ် ခိုင်မာအားကောင်းစေရေးနှင့် (၃) ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ဖြစ်သည်။ ADB သည် ဦးစားပေး ကဏ္ဍများဖြစ်သည့် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် သင်တန်းပို့ချရေး၊ မြို့ပြ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး တို့တွင်အာရုံစူးစိုက်သည့် ရေရှည်ချဉ်းကပ်မှု နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် စီးပွားရေး တိုးတက်မှု ရရှိရေးကို အထောက်အပံ့ ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အသွင်ကူးပြောင်းရေး ဖြစ်စဉ်ကို အရှိန်အဟုန်မြှင့်တင်ရန် အတွက် ADB ၏ မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်များတွင် အောက်ပါ ဦးစားပေး အကြောင်းအရာများကို အာရုံစူးစိုက်မည်ဖြစ်သည်။ ယင်းအကြောင်းအရာများမှာ - (၁) စွမ်းရည်မြှင့်တင်ရေးနှင့် အုပ်ချုပ်ရေး (၂) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (၃) သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေး ကျရောက်နိုင်ခြေ စီမံခန့်ခွဲမှု (၄) (ရွေးချယ်ထားသည့် စီးပွားရေး စကြံများတွင် ပထဝီအနေအထားအရ အာရုံစူးစိုက်ကာ) ဒေသတွင်း ညှိနှိုင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေး၊ (၅) ကျား/မ မျှတရေးတို့ဖြစ်သည်။ အစိုးရဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများကြားရှိ အချိတ်အဆက်များအား အမြင့်ဆုံးဖြစ်စေရန် မြှင့်တင်သွားမည်ဖြစ်သည်။

၆။ **လက်လှမ်းမီမှုနှင့် ဆက်သွယ်ရေး** - လက်လှမ်းမီမှုနှင့် ဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး အတွက် ADB ၏ ရင်းနှီးမြှုပ်နှံမှုများကို အားဖြည့်ဆောင်ရွက်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ ခေတ်မီ တိုးတက်စေရေးနှင့် ထိရောက်မှုရှိစေရေးတွင် အထူးအလေးပေးကာ အသိပညာဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအား ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ စွမ်းအင်ကဏ္ဍ အသိပညာ အထောက်အပံ့များအား အစိုးရ-ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်းများနှင့် ဒေသတွင်း ပေါင်းစည်းရေးတို့တွင် အာရုံစူးစိုက်မည် ဖြစ်သည်။ မြို့ပြအခြေခံအဆောက်အဦများအား အထောက်အပံ့ပေးရာတွင် ADB သည် စည်ပင်သာယာရေး နယ်နိမိတ်များ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခိုင်မာအားကောင်းစေရေး၊ ဝန်ဆောင်မှုများ၏ ရေရှည်တည်တံ့မှုနှင့် အရည်အသွေးကို သေချာစေရန် မြို့ပြဝန်ဆောင်မှုများ၏ လုပ်ငန်းလည်ပတ်မှုကို အစိုးရပိုင်အဖြစ်မှ သီးခြား ကုမ္ပဏီပိုင်အဖြစ် ပြောင်းလဲရေးတို့တွင် အကူအညီများပေးသွားမည်ဖြစ်သည်။ ခေတ်မီတိုးတက်သည့် မြို့ပြ စီမံခန့်ခွဲမှုနှင့် နယ်ပယ်အလိုက် အစီအစဉ်များ ရေးဆွဲမှုတို့သည် ADB ၏ အသိပညာဆိုင်ရာ ဖြေရှင်းချက်များ၏ အရေးပါသည့် အစိတ်အပိုင်းများဖြစ်ကြသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာ အထောက်အပံ့များသည် ဘဏ္ဍာရေး လက်လှမ်းမီ အသုံးချနိုင်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ကျင့်သုံးခြင်းနှင့် လျော့ပါး

နောက်ဆက်တွဲ ၂

သက်သာစေခြင်း၊ သဘာဝဘေးကျရောက်နိုင်ခြေ စီမံခန့်ခွဲခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အာရုံစူးစိုက်သွားမည်ဖြစ်သည်။

၇။ **လူ့စွမ်းအား အရင်းအမြစ်** - လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာအားကောင်းစေရာတွင် ADB သည် သင်ကြားရေးနှင့် လုပ်ငန်းခွင် အကျိုးရလဒ်များ တိုးတက်ကောင်းမွန်စေရေးအတွက် ရည်ရွယ်သည့် အလယ်တန်းနှင့် ပညာရေး သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုများ၊ ချို့တဲ့သူများနှင့် ကျွမ်းကျင်မှု မရှိသည့် လုပ်သားများအတွက် ရည်ရွယ်သည့် ကျွမ်းကျင်မှုအခြေခံ TVET အစီအစဉ်သစ်များ တိုးချဲ့ခြင်းတို့ အပါအဝင် အလယ်တန်းနှင့် အထက်တန်းပညာရေး၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) တို့အား ပေါ်ပေါက်လာနေသည့် လုပ်သားထု လိုအပ်ချက်များကို ပူးပေါင်းဖြည့်ဆည်းပေးနိုင်ရန် ပြန်လည်ချိန်ကိုက်မှုများ ပြုလုပ်ရာတွင် ပေါင်းစည်းညီညွတ်သည့် ချဉ်းကပ်မှုများကို အားပေးရန်အတွက် ယင်း၏ အသိပညာဆိုင်ရာ အထောက်အပံ့များကို ဦးစားပေးဖော်ဆောင်သွားမည်ဖြစ်သည်။

၈။ **ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး** - ADB ၏ ဖွဲ့စည်းပုံနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အသိပညာဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတွင် အခြေခံအဆောက်အဦ ကဏ္ဍများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်သည်။ ယင်းတို့သည် ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ထိရောက်မှုတိုးမြှင့်ခြင်း၊ ကဏ္ဍဆိုင်ရာစီမံခန့်ခွဲမှုနှင့် မူဝါဒ အကောင်အထည် ဖော်ခြင်းတို့ကို ခိုင်မာအားကောင်းစေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် အထောက်အထားအခြေပြု အစီအစဉ်များ ရေးဆွဲခြင်း တို့ကို အားပေးခြင်းအတွက် အထောက်အပံ့များဖြစ်စေသည်။ CPS အောက်ရှိ စွမ်းရည် ဖွံ့ဖြိုးရေး ကြိုးပမ်းမှုများတွင် စီမံကိန်းဆိုင်ရာ လုပ်ငန်းများမှ ကဏ္ဍဆိုင်ရာ စီမံခန့်ခွဲရေးနှင့် အမျိုးသားအဆင့် စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအထိ ပါဝင်မည်ဖြစ်သည်။ ADB ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာ အထောက်အပံ့များတွင် (အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်းနှင့် အစိုးရပိုင်မှ သီးခြား ကုမ္ပဏီပိုင်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခြင်း အပါအဝင်) ရေရှည်တည်တံ့သော မက်ခရိုစီးပွားရေးနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးနှင့် အထောက်အပံ့များပေးသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ခု ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများ ပါဝင်သည်။

၉။ **နည်းလမ်းများ** - ADB ၏ အသိပညာ အထောက်အပံ့များအား အစီရင်ခံစာများ၊ အနှစ်ချုပ်စာတမ်းများ၊ နိုင်ငံတကာ မှတ်ချက်များ၊ လေ့လာရေး ခရီးစဉ်များ၊ မူဝါဒပြုပြင်ပြောင်းလဲရေး အကြံဉာဏ်များ၊ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ၊ လုပ်ဖော်ကိုင်ဖက်များအချင်းချင်း သင်ယူလေ့လာခြင်း၊ နီးနှောဖလှယ်ပွဲများ၊ တွေ့ဆုံမေးမြန်းခြင်းများ၊ ဘလော့ဂ်များ နှင့် တည်းဖြတ်ထုတ်ပြန်မှုများမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်သည်။ သီးသန့် အသိပညာဖလှယ်ရေးနည်းလမ်းများအား ရွေးချယ်ရာတွင် ကုန်ကျစရိတ်သက်သာမှု၊ ရည်ရွယ်ချက်၊ ဦးတည်သည့် ပရိတ်သတ် နှင့် ဘတ်ဂျက်တို့ကို အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်သည်။ အကောင်အထည် ဖော်ရာတွင်

ADB ၏ မြန်မာနိုင်ငံဆိုင်ရာ ပြည်သူ့ဆက်ဆံရေး ချဉ်းကပ်မှုနည်းလမ်းဖြင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

၁၀။ **အဖွဲ့အစည်းနှင့် ဦးဆောင်မှု -** ADB ၏ မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ်ရုံးသည် ညှိနှိုင်းဆောင်ရွက်မှုများနှင့် တိုးချဲ့ရေး လုပ်ငန်းများတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။ သို့ရာတွင် အစီအစဉ်တွင် ကဏ္ဍ ဦးဆောင်သူများနှင့် ADB ၏ အခြားဌာနများအား နိုင်ငံဆိုင်ရာ အသိပညာ ရလဒ်များ ထောက်ပံ့ပေးရာတွင် ယင်းတို့၏ ပါဝင်မှုကို မြှင့်တင်ရန်အတွက် အခွင့်အလမ်းများကိုလည်း သတ်မှတ်ဖော်ပြထားသည်။ ADB ၏ ပူးပေါင်းလုပ်ငန်းဖြစ်သည့် "တစ်ခုတည်းသော ADB" ချဉ်းကပ်မှုနှင့် ချိန်ကိုက်ရာတွင် နိုင်ငံ၏ လိုအပ်ချက်များကို တုန့်ပြန်နိုင်ရန်အတွက် လုပ်ငန်းအတွင်းရှိ ကျွမ်းကျင်မှုများကို အသင့်ပြင်ဆင်ရန် ADB ၏ အရှေ့တောင်အာရှ ဌာန နှင့်တကွ ADB ၏ လုပ်ငန်းလည်ပတ်မှုများမဟုတ်သည့် ဌာနများ၊ ကဏ္ဍဆိုင်ရာ အဖွဲ့များနှင့် အကြောင်းအရာဆိုင်ရာ အဖွဲ့များကြားတွင် အနီးကပ်ညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။[20] ဝန်ထမ်းအင်အား၊ အတိုင်ပင်ခံ လုပ်ငန်းဆိုင်ရာ ဘတ်ဂျက်များ၊ မိတ်ဖက်လုပ်ငန်းများ၊ နိုင်ငံနှင့် ဒေသဆိုင်ရာ TA သည် ထုတ်ကုန်များ ပြင်ဆင်ရာတွင် အထောက်အပံ့ပေးမည်ဖြစ်သည်။

၁၁။ **အသိပညာ အသုံးပြုသူများ -** အသိပညာ အသုံးပြုသူများသည် ယင်းတို့၏ အသိပညာဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှု လိုအပ်ချက်များ စသည်တို့သည် လွှမ်းမိုးမှု နှင့် စိတ်ဝင်စားမှု အတိုင်းအတာများတွင် ကွဲပြားမှုရှိမည်ဖြစ်သည်။ အသုံးပြုသူများတွင် အစိုးရ အရာရှိများနှင့် လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် မူဝါဒ ချမှတ်သူများ၊ ပြည်သူများ၏ ထင်မြင်ယူဆချက်ကို တင်ပြရန်အတွက် အသိပညာဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ရယူသည့် (အရပ်ဘက် အဖွဲ့အစည်း၊ ပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် မီဒီယာများမှ) ထင်မြင်ယူဆချက်များကို တင်ပြသူများနှင့် နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များနှင့် အစိုးရ၏ မူဝါဒ ရေးဆွဲမှုများတွင် ပိုမို ထိတွေ့ပါဝင်လာကြသည့် သာမန် ပြည်သူလူထုများ ပါဝင်သည်။ ADB သည် CKP ကို အကောင်အထည်ဖော်ရာတွင် မတူညီသော အသိပညာ အသုံးပြုသူများ၏ သီးခြား လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

## ဂ။ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည့် နယ်ပယ်များ

၁၂။ ADB သည် အချိန်နှင့်တပြေးညီ အကြံဉာဏ်များနှင့် အထောက်အပံ့များပေးခြင်း အပါအဝင် အရေးပါသည့် ဆုံးဖြတ်ချက်များကိုပိုမိုကောင်းမွန်စွာ အသိပေးနိုင်ရန်အတွက် ADB ၏အထောက်အပံ့များအား အစိုးရ၏ မူဝါဒ၊ အစီအစဉ်ရေးဆွဲမှုများနှင့် အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့် ချိန်ကိုက်ခြင်းဖြင့်

---

[20] ADB၊ ၂၀၁၄ ခုနှစ်။ ဗျူဟာ ၂၀၂၀ အတွက် အလယ်အလတ်ကာလ ပြန်လည်သုံးသပ်ချက် - အသွင်ကူးပြောင်း လျက်ရှိသည့် အာရှ နှင့် ပစိဖိတ်ဒေသ၏ စိန်ခေါ်မှုများကို ဖြေရှင်းခြင်း။။ မနီလာမြို့။

နောက်ဆက်တွဲ ၂

အသိပညာများ၏ ဆီလျော်မှု၊ တုန့်ပြန်နိုင်မှု၊ အချိန်နှင့်တပြေးညီဖြစ်မှုနှင့် လက်လှမ်းမီ အသုံးချနိုင်မှုတို့ကို တိုးမြှင့်သွားမည်ဖြစ်သည်။ ADB သည် CKP မှ လမ်းညွှန်သည့်အတိုင်း ယင်း၏ အသိပညာဆိုင်ရာ လုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းမှုတို့အား ခိုင်မာအားကောင်းစေမည်ဖြစ်ပြီး နိုင်ငံတော်တွင်း လုပ်ငန်းလည်ပတ်မှုများ လုပ်ငန်းအစီအစဉ်၏ နှစ်စဉ် ပြင်ဆင်မွမ်းမံသည့် လုပ်ငန်းစဉ် အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အသိပညာများ စနစ်တကျ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ညှိနှိုင်းခြင်း၊ မျှဝေခြင်းနှင့် ဆက်သွယ် ပေးပို့ခြင်းတို့ကို ခိုင်မာအားကောင်းစေခြင်းဖြင့် အသိပညာဆိုင်ရာ အထောက်အပံ့များ၏ ထိရောက်မှုကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။

၁၃။ ADB သည် နိုင်ငံ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့၏ တက်ကြွသည့် အဖွဲ့ ဝင်တစ်ဦးဖြစ်ပြီး ယင်းသည် မြန်မာနိုင်ငံအတွက် အသိပညာ အထောက်အပံ့များ ညှိနှိုင်းဆောင်ရွက်ရာတွင် အားအင်ပြည့်ဝသည့် ဖိုရမ်တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ ADB သည် အသိပညာဆိုင်ရာ လုပ်ငန်းများ စီစဉ်ရာတွင် အဖွဲ့အတွင်းရှိ အခြားအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမို တိုးမြှင့်ရန်အတွက် အခွင့်အလမ်း များကို ကြိုတင်ရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။

## ဃ။ အရင်းအမြစ်များ ခွဲဝေချထားပေးခြင်း

၁၄။ **အသိပညာများ ထောက်ပံ့ပေးရေးအတွက် အရင်းအမြစ်များ** - ADB ၏ ဘက်ဂျက် အရင်းအမြစ်များ၏ အကျိုးသက်ရောက်မှုကို အမြင့်ဆုံးဖြစ်စေရန်အတွက် နိုင်ငံတော်အဆင့် အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်းတို့နှင့်သက်ဆိုင်သည့်အခါတွင် ဌာနေကိုယ်စားလှယ်ရုံးသည် နိုင်ငံနှင့် ဒေသဆိုင်ရာ TA စီမံ ကိန်းများနှင့် ADB အင်စတီကျု အရင်းအမြစ်များကို အခြေခံဆောင်ရွက်မည်ဖြစ်သည်။ ချေးငွေ သို့မဟုတ် TA စီမံကိန်းတစ်ခု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စိစစ်လေ့လာရေးနှင့် အကြံဉာဏ်ပေးသည့် လုပ်ငန်းမှ အထောက်အပံ့ပေးသည့် အသိပညာဆိုင်ရာ လုပ်ငန်းများအပါအဝင် လက်ရှိလုပ်ဆောင်နေဆဲ လုပ်ငန်း လည်ပတ်မှုများမှ အသိပညာများကို ရယူသွားမည်ဖြစ်သည်။

၁၅။ **အသိပညာများ စီမံခန့်ခွဲရေးအတွက် အင်စတီကျူးရှင်းဆိုင်ရာ အစီအစဉ်များ** - ဌာနေ ကိုယ်စားလှယ်ရုံး သည် ADB ၏ မြန်မာနိုင်ငံဆိုင်ရာ အသိပညာများ ထိန်းသိမ်းသူအဖြစ် ဆောင်ရွက်သွားမည့် နိုင်ငံဆိုင်ရာ ဒါရိုက်တာမှ ဦးဆောင်သည့် အသိပညာဆိုင်ရာ အဖွဲ့တစ်ခုကို တည်ထောင်သွားမည်ဖြစ်သည်။ အဆိုပါ အဖွဲ့ သည် ကဏ္ဍနှင့် အကြောင်းအရာဆိုင်ရာ ကျွမ်းကျင်သူများနှင့် ADB ၏ အရှေ့တောင်အာရှ ဌာနအတွင်းရှိ အခြား အသိပညာ ဆုံချက်များနှင့် အသိပညာ စီမံခန့်ခွဲရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယ ဥက္ကဋ္ဌ၏ လက်အောက်ရှိ အသိပညာမျှဝေခြင်းနှင့် ဝန်ဆောင်မှုများ ဗဟိုတို့နှင့် အနီးကပ် လက်တွဲ ဆောင်ရွက် သွားမည်

ဖြစ်သည်။ ဌာနေ ကိုယ်စားလှယ်ရုံးသည် အသိပညာဆိုင်ရာ စီမံခန့်ခွဲမှုများအား အထောက်အပံ့ပေးရန် ယင်း၏ သတင်းအချက်အလက် နည်းပညာနှင့် ဆက်သွယ်ရေး အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်မည် ဖြစ်သည်။

၁၆။ **အသိပညာဆိုင်ရာ အထောက်အပံ့များအား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း -** အသိပညာဆိုင်ရာ ထုတ်ကုန်များ၊ ဦးတည်ချက်ထားသည့် နယ်ပယ်များရှိ အဓိက မူဝါဒချမှတ်သူများနှင့် ဌာနေ ကိုယ်စားလှယ်ရုံးတို့၏ အပြန်အလှန်ဆက်ဆံမှု အတိုင်းအတာနှင့် နိုင်ငံအတွင်းရှိ မူဝါဒ ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်မှုတို့အတွက် အဓိက အညွှန်းကိန်းများကို လိုအပ်မည်ဖြစ်သည်။ အသိပညာ အထောက်အပံ့များအပေါ် ပိုမို၍ လုပ်ရိုးလုပ်စဉ်ဆန်သည့် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း တို့အား နှစ်စဉ် နိုင်ငံဆိုင်ရာ အစီအစဉ် ရင်းနှီးမြှုပ်နှံမှု ပြန်လည်သုံးသပ်ချက်၊ နိုင်ငံဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း နှင့် ကဏ္ဍဆိုင်ရာ သုံးသပ်ချက်၊ ဗျူဟာများနှင့် လမ်းပြမြေပုံများ မွမ်းမံစဉ်အတွင်း ပြန်လည်သုံးသပ်ချက်များ မှတစ်ဆင့် CPS အလယ်အလတ်ကာလနှင့် အပြီးသတ် သုံးသပ်ခြင်း၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်သွား မည်ဖြစ်သည်။ အသိပညာဆိုင်ရာ လုပ်ငန်းလည်ပတ်မှုတစ်ခုချင်းစီအတွက် အကဲဖြတ်သုံးသပ်ချက်များကို လည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့မှ တွေ့ရှိ ချက်များနှင့် အကြံပြုတင်ပြချက်များအား သတ်မှတ်တည်ထောင် ထားသည့် နိုင်ငံဆိုင်ရာ ကျင့်သုံးမှုများနှင့်အညီ အလားတူလုပ်ငန်းများ လုပ်ဆောင်နေသည့် အဓိက အစိုးရဌာနများနှင့် အခြား အကျိုးစီးပွား ပတ်သက်ဆက် နွယ်သူများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။

နောက်ဆက်တွဲ ၃

## ဆက်စပ်စာရွက်စာတမ်းများစာရင်း

http://www.adb.org/Documents/CPS/?id=MYA-2017

၁။ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ဆန်းစစ်သုံးသပ်ချက်
၂။ ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများ ဇယား
၃။ နိုင်ငံတော်တွင်း လုပ်ငန်းလည်ပတ်မှုများ လုပ်ငန်းအစီအစဉ် - မြန်မာနိုင်ငံ၊ ၂၀၁၇-၂၀၁၉ ခုနှစ်။